# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# နဝမနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ ကျန်းမာရေးမှူးများ အပါအဝင် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းခွင်လုံခြုံမှု အကာအကွယ် ရရှိနိုင်ရေးအတွက်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှု ပိုမိုပီပြင်စေရန် အတွက်လည်းကောင်း လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၇ | (ခ) ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ ကချင်ပြည်နယ် ပြည်သူ့ဆေးရုံကြီးတွင် ရှိသင့်ရှိထိုက်သော ခန္ဓာကိုယ်အစိတ်အပိုင်းအလိုက် အထူးကုဆရာဝန်ကြီးများ အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၂ |
| ၈ | (ဂ) ဦးထွန်းထွန်းဝင်း၊ ရမည်းသင်း မဲဆန္ဒနယ်၏ ရမည်းသင်းမြို့နယ်၊ ပျားစည် တိုက်နယ်ဆေးရုံအား (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၆ |
| ၉ | (ဃ) ဒေါက်တာဦးစိုးမိုးသူ၊ မြောင်းမြ မဲဆန္ဒနယ်၏ မြောင်းမြမြို့နယ်၊ ကွမ်းခြံကြီးကျေးရွာအုပ်စုနှင့် ငါးမြင်းချောင်းကျေးရွာ | ၁၉ |

အုပ်စုတို့ရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတို့အား ကျေးလက်ကျန်းမာရေးဌာန အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

၁၀ (င) ဦးဌေးမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ ကြို့ပင်ကောက်မြို့နယ် ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံကြီးကို ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆရာဝန်များပါဝင်သော ခုတင် (၁၀၀) ဆံ့ စံကိုက်ဆေးရုံသို့ အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း ၂၂

၁၁ (စ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ လှိုင်လင်ခရိုင် အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်း၊ အပြေးပြိုင်ပွဲ ပြေးလမ်းကြောင်းအား ပြုပြင်ပေးရန်၊ ဘောလုံးပွဲ ပွဲကြည့်စင်နှင့် မိုးလုံလေလုံ အားကစားရုံအား အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း ၂၅

၁၂ (ဆ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၏ ကသာမြို့တွင် ခရိုင်အဆင့် တိုင်းရင်းဆေးရုံ ခွင့်ပြုချမှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း ၂၇

၁၃ (ဇ) ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင် မဲဆန္ဒနယ်၏ မိုင်းကိုင်မြို့နယ် အတွက် အားကစားနှင့် ကာယပညာဦးစီးဌာန ဖွင့်လှစ်ပေးနိုင်ရေး မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း ၃၁

၁၄ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း ၃၃

၁၅ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာ နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း ၅၂

၁၆ ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည်မဲဆန္ဒနယ်က လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များ (Universal Health Coverage) ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး၊ ဆင်းရဲနွမ်းပါးသူများအပါအဝင် နိုင်ငံသားတိုင်း ထိရောက်သည့် ကျန်းမာရေး ဝန်ဆောင်မှုများ အချိန်မီရရှိစေရေး၊ ၅၂

ယင်းကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ရန်ပုံငွေများ လုံလောက်စွာရရှိနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အမျိုးသားကျန်းမာရေး အာမခံစနစ် (National Health Insurance System) တည်ထောင် ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း

၁၇ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း(သို့မဟုတ်) လက်ခံဆွေးနွေးရန် ဆုံးဖြတ်သောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း ၅၈

၁၈ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသော တူးမြောင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊ ၅၉

၁၉ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း ၆၁

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# နဝမနေ့ အစီအစဉ်

# [ ၅-၆-၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ကျန်းမာရေးမှူးများ အပါအဝင် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းခွင်လုံခြုံမှု အကာအကွယ်ရရှိနိုင်ရေးအတွက်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှု ပိုမိုပီပြင်စေရန်အတွက်လည်းကောင်း လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဇုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **ကချင်ပြည်နယ် ပြည်သူ့ဆေးရုံကြီးတွင် ရှိသင့်ရှိထိုက်သော ခန္ဓာကိုယ်အစိတ်အပိုင်းအလိုက် အထူးကု ဆရာဝန်ကြီးများ အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးထွန်းထွန်းဝင်း၊ ရမည်းသင်း မဲဆန္ဒနယ်၏ **ရမည်းသင်းမြို့နယ်၊ ပျားစည် တိုက်နယ်ဆေးရုံအား (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးစိုးမိုးသူ၊ မြောင်းမြ မဲဆန္ဒနယ်၏ **မြောင်းမြမြို့နယ်၊ ကွမ်းခြံကြီးကျေးရွာအုပ်စုနှင့် ငါးမြင်းချောင်းကျေးရွာအုပ်စုတို့ရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတို့အား ကျေးလက်ကျန်းမာရေးဌာန အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဌေးမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **ကြို့ပင်ကောက်မြို့နယ် ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံကြီးကို ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆရာဝန်များပါဝင်သော ခုတင် (၁၀၀) ဆံ့ စံကိုက်ဆေးရုံသို့ အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်ခရိုင် အားကစားကွင်း အတွင်းရှိ ဘောလုံးကွင်း၊ အပြေးပြိုင်ပွဲ ပြေးလမ်းကြောင်းအား ပြုပြင်ပေးရန်၊ ဘောလုံးပွဲ ပွဲကြည့်စင်နှင့် မိုးလုံလေလုံအားကစားရုံအား အသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၏ **ကသာမြို့တွင် ခရိုင်အဆင့် တိုင်းရင်းဆေးရုံ ခွင့်ပြုချမှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင် မဲဆန္ဒနယ်၏ **မိုင်းကိုင်မြို့နယ်အတွက် အားကစားနှင့် ကာယပညာဦးစီးဌာန ဖွင့်လှစ်ပေးနိုင်ရေး မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာ နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်က **"လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များ (Universal Health Coverage) ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဆင်းရဲနွမ်းပါးသူများအပါအဝင် နိုင်ငံသားတိုင်း ထိရောက်သည့် ကျန်းမာရေး ဝန်ဆောင်မှုများ အချိန်မီရရှိစေရေး၊ ယင်းကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ရန်ပုံငွေများ လုံလောက်စွာရရှိနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အမျိုးသားကျန်းမာရေး အာမခံစနစ် (National Health Insurance System) တည်ထောင်ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၀။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသော **"တူးမြောင်း ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

# နဝမနေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

## (၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၈၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၅ ရက်၊

(၂) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၅ ရက်၊

(၃) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးညဏ်ထွန်း ခွင့် ၁ ရက်၊

(၄) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၅) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၃ ရက်၊

(၆) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၇) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့်၁ ရက်၊

(၈) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် ခွင့် ၁ ရက်၊

(၉) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊

(၁၀) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၂ ရက်၊

(၁၁) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၁၂) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊

(၁၃) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုးခွင့် ၁ ရက်၊

(၁၄) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် ၁ ရက်၊

(၁၅) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၅ ရက်၊

(၁၆) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင်ခွင့် ၃ ရက်၊

(၁၇) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၅ ရက်၊

(၁၈) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၅ ရက်၊

(၁၉) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်၊

(၂၀) လပွတ္တာမဲဆန္ဒနယ်မှ ဒေါက်တာအေးကြူ ခွင့် ၁ ရက်၊

(၂၁) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊

(၂၂) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၂ ရက်၊

(၂၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၂၄) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၁ ရက်၊

(၂၅) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၁ ရက်၊

(၂၆) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ခွင့် ၃ ရက်၊

(၂၇) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၁ ရက်၊

(၂၈) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၂ ရက်၊

**မူကြမ်း**

(၂၉) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၂ ရက်၊

(၃၀) တပ်မတော်သားကိုယ်စားလှယ်မှ ဒုတိယဗိုလ်မှူးကြီးသိမ်းထွန်း ခွင့် ၁ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ်မှ ဗိုလ်မှူးထင်လင်းဦး ခွင့် ၅ ရက်၊

(၃၂) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၃၃) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၅ ရက်၊

(၃၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်နှင့်

(၃၅) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၅ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ကျန်းမာရေးမှူးများအပါအဝင် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းခွင်လုံခြုံမှု အကာအကွယ်ရရှိနိုင်ရေးအတွက်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှု ပိုမိုပီပြင်စေရန်အတွက် လည်းကောင်း လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်မြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော့်အနေနဲ့ ကျန်းမာရေးမှူးများ နှင့်အခြေခံကျန်းမာရေးဝန်ထမ်းများနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာအချို့ကို မိတ်ဆွေကျန်းမာရေး ဝန်ထမ်းတွေရဲ့ ပြောပြတဲ့အကြောင်းအရာတွေကို အခြေခံပြီးတော့ မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အုပ်ချုပ်ရေးစနစ်သစ်ပြောင်းလဲလာတဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်က စပြီးတော့ နိုင်ငံတော်ရဲ့ ပညာရေး၊ ကျန်းမာရေးမှာ ဘတ်ဂျက်တွေကို ပိုမိုသုံးစွဲလာခဲ့ပါတယ်။ လက်ရှိ ပြည်သူ့အစိုးရလက်ထက်မှာလည်း ကျန်းမာရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်နေတာ တွေ့ရ ပါတယ်။ မြန်မာနိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းလောက်ဟာ ကျေးလက်နေပြည်သူတွေဖြစ်ကြပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုကို မြေပြင်မှာအိမ်တိုင်ရာရောက် စောင့်ရှောက်ပေးနေရတဲ့လူတွေကတော့ ကျန်းမာရေးမှူးတွေ၊ သားဖွားဆရာမတွေနဲ့ ကျန်းမာရေးကြီးကြပ်တွေ ဖြစ်ကြပါတယ်။ ထို့အတူ ကျေးလက်ဒေသတွေမှာ တိုက်နယ်ဆေးရုံတွေဖွင့်လှစ်ပြီးတော့ ကျေးလက်ပြည်သူတွေကို ဆေးခန်း ကုသမှုလိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ၁၉၆၉ ခုနှစ်ကစပြီးတော့ မကွေးမြို့မှာအခြေခံကျန်းမာရေး တက္ကသိုလ်(University Of Community Health) ကို ဖွင့်လှစ်ခဲ့ပါတယ်။ ဒီတက္ကသိုလ်မှ ဘွဲ့ရသူများ ကို ကျေးလက်ကျန်းမာရေးဌာနအသီးသီးမှာ ကျန်းမာရေးမှူးများအဖြစ် ခန့်အပ်တာဝန်ပေးပါတယ်။

ကျေးလက်ကျန်းမာရေးဌာနခွဲတွေမှာတော့ သွားဖွားဆရာမတွေက ကြီးကြပ်ဆောင်ရွက်ကြပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကျင့်သုံးလျက်ရှိတဲ့ ဥပဒေပေါင်း ၂၃ ခုလောက်ရှိတယ်လို့ သိရပါတယ်။ ဒီဥပဒေများမှာကျေးလက်ဒေသ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ကိုင်နေကြတဲ့ ကျန်းမာရေးမှူးတွေ၊ အခြေခံကျန်းမာရေးဝန်ထမ်းတွေအတွက် တိကျတဲ့ဥပဒေနှင့်အကာအကွယ် ပေးထားခြင်းဖြစ်တဲ့ Standard Treatment Guideline ဆိုတာမရှိဘဲ သူတို့တာဝန်ထမ်း ဆောင်နေကြရတယ်ဆိုတဲ့ ပြောဆိုသံတွေ၊ ညည်းတွားသံတွေ ကျွန်တော်တို့ ကြားရပါတယ်။ ဒီလူတွေဟာ ကျေးလက်နေပြည်သူတွေရဲ့ကျန်းမာရေးကို စောင့်ရှောက်ပေးနေရတဲ့အတွက် လုပ်ငန်းခွင် လုံခြုံရေးအတွက် ကာကွယ်ပေးတဲ့ဥပဒေမရှိတဲ့အတွက်ကြောင့် တိကျတဲ့ဥပဒေ အကာအကွယ်ရလို ကြကြောင်းလည်း ပြောကြားပါတယ်။ လက်ရှိအချိန်မှာ ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို လုပ်ကိုင်ပေးနေကြတဲ့ ကျန်းမာရေးမှူးနဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတို့က မိမိတို့ ဆေးကုသခွင့်ရှိသလား၊ ဆေးကုသခွင့်ရှိလျှင် မည်သည့်အတိုင်းအတာထိရှိသည်၊ မည်သို့ခွင့်ပြုထား သည်။ ထိုသို့ခွင့်ပြုထားပါက မည်သည့်ဥပဒေ၊ အမိန့်၊ ကြော်ငြာစာများဖြင့် ခွင့်ပြုထားသည် ဆေးကုသ မှုကြောင့် မလိုလားအပ်တဲ့ နောက်ဆက်တွဲပြဿနာများ ဖြစ်လာပါက မည်သူက၊ မည်ကဲ့သို့ တာဝန် ယူဖြေရှင်းမည်ဆိုသည်တို့ကို ဥပဒေပြဋ္ဌာန်းပေးစေလိုကြောင်း ပြောကြားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကျန်းမာရေးမှူးများကောင်စီဥပဒေကို ပြဋ္ဌာန်းနိုင်ရေး ကြိုးစား နေကြကြောင်း အဲဒီလိုကြိုးစားနေတာ နှစ်နှစ်လောက်ရှိပြီးဖြစ်သော်လည်း တစ်စုံတစ်ရာထူးခြားမှု မရှိသေးကြောင်း ပြောကြပါတယ်။ ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးကိုအနီးကပ်စောင့် ရှောက်ပေးနေကြတဲ့ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအတွက် တိကျတဲ့ဥပဒေပြဋ္ဌာန်းရန် အမှန် တကယ်လိုအပ်ပါတယ်။ ဥပဒေပြဋ္ဌာန်းထားပါမှ ၎င်းတို့အတွက် လုပ်ငန်းခွင်လုံခြုံမှုရှိမည်ဖြစ်ပြီးတော့ လုပ်ငန်းခွင်မှာဆေးကုသမှုကြောင့် မတော်တဆမှုများဖြစ်ပါကလည်း မည်ကဲ့သို့တာဝန်ယူဖြေရှင်းရ မည်ကို တာဝန်ထမ်းဆောင်သူက နားလည်သဘောပေါက်ကြမှာဖြစ်ပါတယ်။

ဒါကြောင့် မေးမြန်းလိုတဲ့မေးခွန်းတွေကတော့ (၁)ကျန်းမာရေးမှူးများအပါအဝင် ပြည်သူ့ ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းခွင်လုံခြုံမှု အကာအကွယ်ရရှိနိုင်ရေးအတွက်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုပိုမိုပီပြင်စေရန်အတွက်လည်းကောင်း လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိပါသလား၊ (၂) အစီအစဉ်မရှိသေးပါက ၎င်းတို့အတွက်လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်း

ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးပါမည်လားဆိုတဲ့မေးခွန်းတွေ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျန်းမာရေးမှူးများအပါအဝင် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ အတွက် လုပ်ငန်းခွင်လုံခြုံမှု အကာအကွယ်ရရှိနိုင်ရေးအတွက်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှု ပိုမိုပီပြင်စေရန်အတွက်လည်းကောင်း၊ လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိပါသလား၊ အစီအစဉ်မရှိသေးပါက ၎င်းတို့အတွက် လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းရေး ဆောင်ရွက်ပေးနိုင် မည်လား သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ငါးမိနစ်ထက် တစ်မိနစ်ခန့်တော့ ပိုမယ်လို့ထင်ပါတယ်။ ကြိုးစားပြီး ကျွန်တော်ဖြေပါမယ်။ ဤမေးခွန်းမှာအခြေခံ ကျန်းမာရေးဝန်ထမ်းနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအတွက် အလွန့်အလွန်အရေးကြီးတဲ့ မေးခွန်းဖြစ်ပါတယ်။ နိုင်ငံအတွက်လည်း အလွန်အရေးကြီးတဲ့မေးခွန်းဖြစ်တဲ့အတွက် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ကျေးဇူးတင်ပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာ ကျင့်သုံးလျက်ရှိတဲ့ဥပဒေပေါင်းဟာ ၂၃ ခုရှိပါ တယ်။ အသစ်ပြဋ္ဌာန်းရန်စီစဉ်တဲ့ဥပဒေကရှစ်ခု ရှိပါတယ်။ ဒီဥပဒေထဲမှာ ကျွန်တော်တို့ လက်ထောက် ကျန်းမာရေးမှူးများအတွက် လုပ်ငန်းခွင်လုံခြုံရေးကို ကာကွယ်ပေးမည့် ဥပဒေမပါပါဘူး။ အလား တူစွာပဲ ကျွန်တော်တို့ ဆရာဝန်နှင့်သူနာပြုဆရာမနှင့် ဝန်ထမ်းများအတွက်ကိုလည်း ကာကွယ်သည့် ဥပဒေဆိုတာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မရှိသေးပါဘူး။ ပထမဆုံးအကျဉ်းအရ ဆရာဝန်များအတွက် ကတော့ ၂၀၁၂ ခုနှစ်က လွှတ်တော်မှာလည်း ဆွေးနွေးသွားပါတယ်။ Medical Protection Society ဆိုတာဖွဲ့ဖို့။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ Medical Council နှင့်ဆွေးနွေးနေတာ အခုမပြီးသေးပါဘူး။ မပြီးသေးတဲ့အတွက် ကျွန်တော်မနေ့ကဘဲ မြန်မာနိုင်ငံ

ဆရာဝန်အသင်းဥက္ကဋ္ဌနဲ့ စကားပြောပါတယ်။ ဒါကို သူတို့အမြန်ဆုံးလုပ်ဖို့လိုပါတယ်။ ကြာရခြင်း အကြောင်းအရင်းကတော့ နိုင်ငံခြားမှာလို ဒီလို Medical Protection Society လုပ်မယ်ဆိုရင် ဆရာဝန်တွေက ပိုက်ဆံပေးပြီး Insurance ယူရပါတယ်။ အဲဒီကိစ္စမှာ မပြတ်သေးတဲ့အတွက် Medical Protection Society ကဖြစ်မလာသေးပါဘူး။ ထို့အပြင် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်ကြီးမေးခဲ့သလို ကျန်းမာရေးမှူးများ ဆေးကုသမှုကြောင့် ဖြစ်ပေါ်လာတဲ့ကိစ္စများနှင့်ပတ်သက်၍ ဒီအခြေခံကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းခွင်တွင် အရေးပေါ်ဆေးကုသခြင်းများမဖြစ်မနေ ဆောင်ရွက်ရတဲ့အခါမှာတော့ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာရင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကနေ ညှိနှိုင်းဖြေရှင်းပေးပါတယ်။ သို့သော်လည်း ဒီနေရာမှာ ပြဿနာဆိုသည်မှာ (Ethics) ကျင့်ဝတ် နှင့်ပတ်သက်တဲ့ပြဿနာ၊ (Negligence) ကြောင့်ဖြစ်တဲ့ ပြဿနာဆိုလို့ရှိရင်တော့ ကျွန်တော်တို့ အရေးယူပါတယ်။ သို့သော် အခုအချိန်အထိ ကျန်းမာရေးမှူးများနှင့် ပြည်သူများ ပြဿနာတော့ သိပ်ပြီးဘာမှ ကြီးကြီးကျယ်ကျယ်မရှိသေးတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

နံပါတ်(၂)ဖြစ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ ကျန်းမာရေးမှူးများ ဆေးကုသ မှုနှင့်ပတ်သက်ပြီး ကျွန်တော်ဖြေကြားပါမယ်။ ဒါဟာအရေးကြီးပါတယ်။ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနဟာ လက်ထောက်ကျန်းမာရေးမှူးအပါအဝင် အခြေခံ ကျန်းမာရေးဝန်ထမ်းအားလုံးအတွက် အလုပ်ဝတ္တရားများနှင့် လုပ်နည်းလုပ်ဟန်များနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားပါတယ်။ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ကြီးတင်ပြခဲ့လို့ ကျွန်တော်တို့က Standard Treatment Guideline တော့မဟုတ်ပါဘူး။ Standard Operating Procedure နဲ့ ကျွန်တော်တို့ လုပ်ပါတယ်။ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနကို ချက်ချင်းကြည့်လိုက်တဲ့အခါမှာ ကျွန်တော်ဝန်ကြီးဖြစ်ပြီး ခြောက်လလောက်မှာ ပြန်ကြည့်တဲ့အခါမှာ ဒီစာအုပ်တွေကို တွေ့ပါတယ်။ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ တာဝန် ဝတ္တရားများနှင့် လုပ်နည်းလုပ်ဟန်များတဲ့ ဒါကို ဆဋ္ဌမအကြိမ်အထိ ထုတ်ထားပါပြီ။ သို့သော် ၂၀၀၈ ခုနှစ်ကထုတ်တဲ့ စာအုပ်ဖြစ်တဲ့အတွက် ဒီစာအုပ်သည် အခုခေတ်အခြေအနေမှာ လုံးဝအသုံးမဝင်တော့ ပါဘူး။ ဒါကြောင့် ကျွန်တော်ဒါကို အမြန်ဆုံး Update လုပ်ဖို့ ပြောခိုင်းထားပါတယ်။ ဒီစာအုပ်မှာဆို လို့ရှိရင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ လက်ထောက်ကျန်းမာရေးမှူးရဲ့ အဓိကတာဝန် က သုံးရပ်ရှိပါတယ်။ (က) အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး၊ (ခ) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ရေးနှင့်

ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ (၈) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ ဆေးကုသခြင်း ဆိုတဲ့ အချက်သုံးချက်ရှိပါတယ်။

ဤကိစ္စမှာ ဆေးကုသတဲ့ပြဿနာဆိုတာက ဆေးကုသခြင်းဟုဆိုရာ၌ (၁) ကျန်းမာရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရောဂါကိုစောစီးစွာကုသနိုင်ရေး၊ အချိန်မီ လွှဲပြောင်းနိုင်ရေးအတွက် ဆေးကုသခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက် ရာတွင် အခကြေးငွေယူလို့မရပါဘူး။ သက်ဆိုင်ရာစီမံချက်များ၏ညွှန်ကြားချက်အတိုင်းပဲ ပြုလုပ်ရ ပြီးတော့ ဆေးဝါးကုတဲ့အခါမှာ ပိုက်ဆံလုံးဝယူလို့မရပါဘူး။ ကျန်းမာရေးမှူးမှာ လုပ်ငန်း(၁၃)ချက် ရှိပါတယ်။ (၁၃) ချက်မှာ ဆေးကုသခြင်းနဲ့ဆိုင်တဲ့အချက်က (၄)ချက်ရှိပါတယ်။ (၁) အရေးပေါ်လူနာ များကို ရာဇဝတ်မှုမှအပ လိုအပ်သလိုကုပြီး နီးစပ်ရာတိုက်နယ်ဆေးရုံ သို့မဟုတ် မြို့နယ်ဆေးရုံသို့ ဆက်လက်လွှဲပြောင်းပေးရပါတယ်။ ဆက်ပြီးမကုရပါဘူး။ ဆက်လွှဲရပါတယ်။ (၂) ကာကွယ်ရေးလုပ်ငန်း များကို ကွင်းဆင်းဆောင်ရွက်တဲ့အခါမှာ ချက်ချင်းကုသရန်လိုတဲ့လူနာများကိုတော့ ကုသပေးရပါ တယ်။ (၃) မြွေကိုက်လူနာများကို မြွေဆိပ်ဖြေဆေးထိုးပြီး နီးစပ်ရာဆေးရုံသို့ ပို့ပေးရပါတယ်။ (၄) ထိုသို့ဆေးကုသရာ၌ မိမိအားသင်ကြားထားသည့်အဆင့်နှင့်တာဝန်ပေးချက်အတိုင်း ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

ယခုအခါ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အလုပ်တာဝန်ဝတ္တရားနှင့်ပတ်သက်ပြီး လုံးဝ ခေတ်မမီတော့တဲ့အတွက် ၂၀၁၆ ခုနှစ် ကျွန်တော် ဝန်ကြီးစဖြစ်တဲ့အချိန်ကစပြီးတော့ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးများ၊ စီမံချက်မန်နေဂျာများနှင့် အလုပ်ရုံဆွေးနွေးပွဲများ အခါခါပြန်လုပ်ပြီးတော့ ဒါ(မူကြမ်း)စပြီး ထွက်နေပါပြီ။ အဲဒီတော့ နောက်ဆုံးအကြိမ် အနေနဲ့ ဒီမှာပါ တဲ့ဟာကို အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) မှာပါတဲ့အချက်အနေနဲ့ လိုက်လျောညီထွေ ဖြစ်အောင်လို့ နောက်ဆုံးအကြိမ် ကျွန်တော်တို့ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၇ ခု ကနေ ပြည်သူ့ကျန်းမာရေးဦးစီးမှူးများ၊ အခြေခံကျန်းမာရေးဝန်ထမ်း ၇၀ ဦးတို့နှင့် အလုပ်ရုံဆွေးနွေးပွဲကို ၈-၆-၂၀၁၇ ရက်နေ့မှ ၁၀-၆-၂၀၁၇ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပပြုလုပ်ထားပြီးတော့ ဒီစာအုပ်မှာပါတဲ့အချက်ကို ခေတ်နှင့်လိုက်လျောညီအောင် ပြုလုပ်ဖို့လိုပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးမေးတဲ့ ဒီစာအုပ်စာမျက်နှာ ၁၀၀ မှာ ပါပါတယ်။ လက်ထောက် ကျန်းမာရေးမှူးများ ၏တာဝန် အားလုံးဒီမှာအသီးသီးရှိပါတယ်။ သို့သော် ဒီတာဝန်များဟာ လွန်ခဲ့တဲ့ ၂၀၀၈ ခုနှစ်က

ရေးထားတဲ့ဟာဖြစ်တဲ့အတွက် အခုခေတ်ကာလနှင့်ညီအောင် ကျွန်တော်တို့ ပြန်လည်လုပ်ပါမယ်။ အဲဒီတော့ အထူးသဖြင့် လက်ထောက်ကျန်းမာရေးမှူးများ၏လုပ်ငန်းများကို ပြင်ဆင်သတ်မှတ်ရာတွင် မြန်မာနိုင်ငံကျန်းမာရေးမှူးကောင်စီဥပဒေ(မူကြမ်း)မှာ အချက်တွေလည်း စဉ်းစားရမည်။ ဒီမူကြမ်း ဟာမပြီးသေးပါဘူး။ ကျွန်တော်တို့ ဒီအလုပ်ရုံဆွေးနွေးပွဲပြီးလို့ရှိရင်တော့ ကျွန်တော် သတ္တမအကြိမ် ဒီစာအုပ်ကို ထုတ်ပါမယ်။ ထုတ်ရင်ဒီထဲကအတိုင်း ကျန်းမာရေးမှူးတွေ၊ သူနာပြုတွေ၊ သားဖွားတွေ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဆရာဝန် (Township Health Officer) တွေက ဒီအတိုင်းလုပ်ရမှာပါ။ (၅) မြန်မာနိုင်ငံကျန်းမာရေး ကောင်စီဥပဒေနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့အတိုင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံကျန်းမာရေးမှူးများအသင်းတို့က ပူးပေါင်းပြီးတော့ ကျွန်တော်တို့ ဒါကိုရေးဆွဲပါတယ်။ ရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ပို့ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ကနေပြီးတော့ ပြင်ဆင်သင့်တာတွေကို ပြင်ဆင်ခိုင်းပါတယ်။ ပြင်ဆင်ခိုင်းတဲ့အခါမှာလည်း ကျွန်တော်တို့ ကျန်းမာရေးမှူးအသင်းနဲ့ ပြန်ညှိပါတယ်။ ညှိပြီးပြင်ဆင်ပါတယ်။ ပြင်ဆင်တဲ့အခါမှာ ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို နောက်ဆုံးအကြိမ် ပြန်လည်ပို့ထားပြီးဖြစ်ပါတယ်။ ဒါပြန်ကျလာတဲ့အခါမှာ သူ့ရဲ့ထုံးစံအတိုင်း သူ့လုပ်ထုံးလုပ်နည်းအတိုင်း ကျွန်တော်တို့ စည်း/ကော်ကို တင်မယ်။ စည်း/ကော်အနေပြီးတော့ အစိုးရအဖွဲ့တင်မယ်။ အစိုးရအဖွဲ့ကနေပြီး လွှတ်တော်လာမယ်။ ကြားမှာလိုအပ်လို့ရှိရင်တော့ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဒီမှာ သူ့ Flow Chart ရှိပါတယ်။ Flow Chart အတိုင်းလုပ်မှာ။ လိုအပ်လို့ရှိရင်တော့ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်မှဖိတ်ကြားပြီး ဒီအဖွဲ့ဝင်များနှင့်တိုင်ပင်ပြီး ရေးဆွဲမှာပါ။ ဒီကောင်စီ ဥပဒေကြီးထွက်သွားလို့ရှိရင်လည်း ကျွန်တော်တို့ ကျန်းမာရေးမှူးများအနေနဲ့ ကျန်းမာရေးမှူးများ ကောင်စီလည်း ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ဒါဟာ အလွန်အရေးကြီးပါတယ်။ အဲဒီတော့ ကျွန်တော့် အနေနဲ့က နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ ဒီလိုလုပ်တဲ့အခါမှာ ကျန်းမာရေးမှူးများအတွက် Protection ဆိုလို့ရှိရင်တော့ ကျန်းမာရေးမှူများ အသင်းဖြစ်ပေါ်လာမည့် ကျန်းမာရေးမှူးများ ကောင်စီနှင့်တွဲလုပ်မယ်။ ဆရာဝန်များအသင်းအတွက် ဆိုလို့ရှိရင်တော့ မြန်မာနိုင်ငံဆရာဝန်အသင်းနဲ့ မြန်မာနိုင်ငံ Medical Council နဲ့တွဲလုပ်မယ်။ သူနာပြု၊ သားဖွားနဲ့ဆိုလို့ရှိရင်အတွက် Protection အတွက်ဆိုလို့ရှိရင်တော့ သူနာပြု၊ သားဖွားအသင်းနှင့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီနဲ့ တွဲလုပ်မယ်။ အဲဒီတော့ ဒါကို ကျွန်တော်တို့ အဖြစ်နိုင်ဆုံးလုပ်မယ်။ ဘာကြောင့် ကျွန်တော် ဒီလိုပြောရ

သလဲဆိုရင် ဆရာဝန်၊ ဆရာမတွေ၊ သူနာပြုတွေ၊ အကုန်လုံးအလွန့်အလွန်ကောင်းတဲ့အလုပ်တွေလုပ်သော်လည်း တစ်ခါတစ်လေမှားတဲ့အချက်ကလေးတွေ ရှိသွားပါတယ်။ အဲဒီမှားတဲ့အချက်ကလေးတွေကို ကျွန်တော်တို့က အများကြီး အကြီးကြီးချဲ့တဲ့အခါကျတော့ ဆရာဝန်ထုတစ်ခုလုံး၊ ကျန်းမာရေးမှူးထုတစ်ခုလုံး၊ သူနာပြုထုတစ်ခုလုံးကို ထိခိုက်တဲ့အတွက် ဥပဒေရှိလို့ရှိရင်တော့ ကျွန်တော်တို့ကို ကာကွယ်ပေးတဲ့ဥပဒေဖြစ်တဲ့အတွက် အမြန်ဆုံးလုပ်မည်ဖြစ်ကြောင်း လေးစားစွာတင်ပြရင်း ဒီမေးခွန်းကိုဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေး မေးချင်လို့ပါ။ ပြည်ထောင်စုဝန်ကြီးက ဒီလိုကျွန်တော်တို့တွေရော၊ ကျန်းမာရေးဝန်ထမ်းတွေရော နားလည်လွယ်အောင်၊ သဘောပေါက်အောင် ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အများကသိချင်နေကြတာ တစ်ခုရှိပါလိမ့်မယ်။ အဲဒါကတော့ ဒီဥပဒေတွေ ရေးဆွဲတဲ့လုပ်ငန်းကို ဝန်ကြီးတို့ဆောင်ရွက်နေတဲ့အခါ အချိန်ကာလအားဖြင့် ဘယ်လောက်လို့ ခန့်မှန်းပြီးတော့ လုပ်မလဲဆိုတာလေးကို ကျွန်တော်တို့က သိချင်တဲ့အတွက်ကြောင့် ဒီဥပဒေတွေကို နောင်ဘယ်ကာလလောက်၊ ဘယ်နှနှစ်လောက် စသည်ဖြစ်ပေါ့လေ။ ဘယ်လို ခန့်မှန်းပြင်ဆင်ထားတာလေး ရှိရင်လည်း သိခွင့်ရလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ ဖြေခွင့်ပေးပါခင်ဗျား။ အဲဒီတော့ ဥပဒေတစ်ခုအသစ်ရေးဆွဲမယ်ဆိုရင် ကျွန်တော်တို့ Flow Chart ရှိပါတယ်။ ပထမဆုံး ကျွန်တော်တို့ လုပ်နိုင်တဲ့ပင်ကိုယ်ပေါ့လေ။ သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာန သို့မဟုတ် ကြီးကြပ်သောအသင်းအဖွဲ့ကနေပြီးတော့ ကျွန်တော်တို့ မူကြမ်းဆွဲပါတယ်။ မူကြမ်းဆွဲပြီးရင် ဒီမှာဆိုလို့ ရှိရင်တော့ မြန်မာနိုင်ငံကျန်းမာရေးမှူးများအသင်းနဲ့ဆွဲမယ်။ ကျန်းမာရေးကောင်စီဥပဒေဆိုလို့ရှိရင်။ ပြီးရင် ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို တင်ပြရပါတယ်။ အဲဒီတော့ ပြည်ထောင်စု ရှေ့နေချုပ်ရုံးက ပြင်ဆင်တဲ့အချက်တွေကို ကျွန်တော်တို့ ပြင်ပါတယ်။ ပြင်ပြီးမှ အသွားအလာရှိပါတယ်။ နှစ်ခါ၊ သုံးခါဖြစ်နိုင်တယ်။ တစ်ခါတည်းလည်း ပြတ်သွားနိုင်တယ်။ ပြီးလို့ရှိရင် လုံခြုံရေးနှင့်တည်ငြိမ် အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီကို တင်ပြရပါတယ်။

**မူကြမ်း**

လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီကနေ လိုအပ်သလိုလမ်းညွှန်ပြီး ဝန်ကြီးဌာနကတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို အစည်းအဝေးကိုတစ်ဆင့် တင်ပြရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူပြီးဆိုရင် လွှတ်တော်ကိုတင်ပြရပါတယ်။ လွှတ်တော်မှာအကျေအလည်ဆွေးနွေးပြီးမှ ဆက်လက်လုပ်တဲ့အတွက် အတိအကျတော့ ကျွန်တော်က ပြောလို့မရဘူး။ သို့သော် အမြန်ဆုံးတော့ လုပ်ပေးပါမယ်။ အခုဟာက ကျန်းမာရေးမှူးကောင်စီက နောက်ဆုံးအဆင့်ရောက်နေပါပြီ။ ဒီအဆင့်ပြီး တာနဲ့ ကျွန်တော်တို့က လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးကို တင်တာမကြာပါဘူးခင်ဗျား။ အဲဒါပြီးရင် ပြည်ထောင်စုအစိုးရအဖွဲ့ကလည်းမကြာတော့ လွှတ်တော်မှာဆွေးနွေးဖို့ အချိန်ကဘယ်လောက်ကြာ မလဲဆိုတာ ကျွန်တော်မသိပါဘူး။ လွှတ်တော်မှာအခြေအနေကောင်းရင် မြန်မြန်ဆွေးနွေးရင် မြန်မြန် ဖြစ်ပါတယ်။ အမြန်ဆုံးလည်းဖြစ်ချင်ပါတယ်။ တစ်ပြိုင်တည်းမှာ ကျွန်တော်တို့က ကျန်းမာရေးမှူးတင် မကပါဘူး။ အဓိကက သူနာပြုနဲ့ဆရာဝန်တွေက ပြဿနာအများဆုံးဖြစ်ပါတယ်။ ကျန်းမာရေးမှူး အနေနဲ့ ကျွန်တော် ဆရာဝန်သက်တမ်းတစ်လျှောက်မှာ ပြဿနာအကြီးအကျယ်ဘာမှ မရှိပါဘူး။ ကျန်းမာရေးမှူးနဲ့ပြည်သူက တော်တော်အဆင်ပြေနေတာကို တွေ့ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ် ပြည်သူ့ဆေးရုံကြီးတွင် ရှိသင့်ရှိထိုက်သော ခန္ဓာကိုယ်အစိတ်အပိုင်းအလိုက် အထူးကု ဆရာဝန်ကြီးများ အမြန်ဆုံးခန့်ထားပေးနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် ဖြစ်ပါတယ်။ ကချင်ပြည်နယ်သူ/ပြည်နယ်သားများအတွက် ကျန်းမာရေးကုသပေးရန် ခုတင် (၃၀၀) ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးကို ဖွင့်လှစ်ထားပေးခဲ့ပါတယ်။ အဲဒါကို ၂၀၁၅ ခုနှစ်မှာတော့ ခုတင် (၅၀၀) ဆံ့ဆေးရုံကြီးအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ အဆိုပါ ဆေးရုံသည် ကချင်ပြည်နယ်ရှိ မြို့နယ်အသီးသီးက တိုင်းရင်းသားပြည်သူများ ကျန်းမာရေးကိစ္စနှင့် ပတ်သက်၍ ဘက်ပေါင်းစုံရောဂါများစစ်ဆေးပြီး ကုသရန်အတွက် ပြည်သူများက ယုံကြည်အားကိုးစွာ ဖြင့် ဆေးရုံကိုရောက်ရှိလာကြပါတယ်။ သို့သော် ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ပြည်သူများရဲ့ ကျန်းမာရေးကိုစစ်ဆေးကုသပေးရန် ခုတင်(၅၀၀) ဆံ့ဆေးရုံတွင် ဖွဲ့စည်းထားရှိသင့်တဲ့ ဆရာဝန်များ

ဖြစ်တဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းအလိုက် အထူးကုဆရာဝန်ကြီးများ စုံလင်မှုမရှိတဲ့အတွက်ကြောင့် ပြည်နယ်သူပြည်နယ်သားများ ဝမ်းနည်းလျက်ရှိကြပါတယ်။ ဥပမာအားဖြင့် ဦးနှောက်နှင့်အာရုံကြော အထူးကုဆရာဝန်ကြီး၊ နှလုံးအထူးကုဆရာဝန်ကြီး၊ အစာအိမ်နှင့် အူလမ်းကြောင်းအထူးကုဆရာဝန်ကြီး၊ ဆီးလမ်းကြောင်းနှင့်ကျောက်ကပ်ရောဂါ အထူးကုဆရာဝန်ကြီးများအစရှိတဲ့ အခြားသော အထူးကုဆရာဝန်ကြီးများမရှိခြင်းကြောင့် လူနာများဟာ အဆိုပါဆရာဝန်ကြီးများရှိတဲ့ မန္တလေးတို့၊ ရန်ကုန်တို့မှာ သွားရောက်ကုသရန်လည်း လမ်းခရီးဝေးကွာ၊ ခက်ခဲသွားလာနေထိုင်စရိတ်များ မတတ်နိုင်၍ အသက်သာအဆုံးရှုံးခံနေလျက်ရှိကြပါတယ်။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ် ပြည်သူ့ဆေးရုံကြီး ခုတင်(၅၀၀) ဆံ့ဆေးရုံတွင်ရှိသင့်ရှိထိုက်သော ခန္ဓာကိုယ်အစိတ်အပိုင်းအလိုက် အထူးကုဆရာဝန်ကြီးများကို အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ၊ ခန့်ထားပေးနိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့် မခန့်ထားပေးနိုင်သည်ကို ပြည်နယ်သူပြည်နယ်သားများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် ပြည်သူ့ဆေးရုံကြီးတွင် ရှိသင့်ရှိထိုက်သော ခန္ဓာကိုယ်အစိတ်အပိုင်းအလိုက် အထူးကုဆရာဝန်ကြီးများ အမြန်ခန့်ထားပေးနိုင်ရေး အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ခုတင် (၅၀၀) ဆံ့ဆေးရုံကိုးခုရှိပါတယ်။ တိုင်းဒေသကြီး / ပြည်နယ်အဆင့် ခုတင်(၂၀၀) ဆံ့တဲ့ဆေးရုံကြီး ငါးရုံရှိပါတယ်။ ထို့အပြင် ဗဟိုအဆင့်ဆေးရုံကြီး ၁၀ ရုံရှိပါတယ်။ အထူးကုဆရာဝန်မပါဘူး။ အထူးကုဆေးရုံက ၃၀ ရှိပါတယ်။ မြို့နယ်ဆေးရုံတွေ၊ တိုက်နယ်ဆေးရုံ ၁၁၂၃ ခုရှိပါတယ်။ အဲဒီတော့ ဒီတိုင်းဒေသကြီး/ပြည်နယ်အဆင့် ခုတင် (၅၀၀)၊ (၂၀၀) အပြင် ဗဟိုအဆင့်ဆေးရုံကြီး ၁၀ ရုံကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့အတိုင်း ကျွန်တော်တို့က ခန္ဓာကိုယ်အစိတ်အပိုင်းအလိုက် ဆရာဝန်များတာဝန်ချထားပေးရပါတယ်။ အဲဒီတော့

မြစ်ကြီးနားမြို့နယ် ပြည်သူ့ဆေးရုံ၌ ခန္ဓာကိုယ်အစိတ်အပိုင်းအလိုက် အပြည့်အစုံတာဝန်ချထား ပေးမယ်ဆိုတာ အခုအခြေအနေနဲ့က မရနိုင်သေးတာအကြောင်းရှိပါတယ်။

မြစ်ကြီးနားဆေးရုံကြီးသည် ၂၀၁၅ ခုနှစ်ကမှ ခုတင်(၂၀၀) ကနေ ခုတင်(၅၀၀) ဖြစ်သွားတယ်။ ဆိုလိုတာက ခုတင်(၂၀၀) အချိန်မှာ ဝန်ထမ်းက ၅၉၄ ဦးကနေပြီးတော့ ခုတင် (၅၀၀) ဖြစ်တဲ့အချိန်မှာ ဝန်ထမ်းက ၈၈၂ ဦးဖြစ်သွားပြီးတော့ ခန္ဓာကိုယ်အစိတ်အပိုင်းနဲ့အထူးကုဘာသာရပ် ၂၈ မျိုး ပေးရပါတယ်။ ဒီတစ်နှစ်အတွင်းမှာ ဒီလောက်ပေးလို့မရပါဘူး။ ကျွန်တော်ရိုးသားစွာတင်ပြရမယ်ဆိုလို့ ရှိရင်တော့ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုမှာ ခုတင်(၅၀၀) ရှိလို့ရှိရင် နောက် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုကလည်း ခုတင်(၅၀၀) တောင်းပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့က ပေးလို့မရတဲ့ အတွက် ပေးလိုက်တဲ့အခါမှာ လူဖြည့်ဖို့ကခက်ပါတယ်။ ပစ္စည်းကိရိယာဆေးပစ္စည်းက ပေးလို့ရပါ တယ်။ လူကဖြည့်လို့မရပါဘူး။ အဲဒီတော့ တကယ့်တကယ်ကတော့ အမှန်လိုမှသာလျှင် ခုတင်(၂၀၀) ကနေ (၅၀၀)၊ ခုတင်(၁၀၀) ကနေ (၂၀၀) အဲဒီလိုစတောင်းသင့်ပါတယ်။ မဟုတ်လို့ရှိရင် ကျွန်တော်တို့ ဘက်က အလွန်ခက်ပါတယ်။ ကျွမ်းကျင်ဆရာမ၊ ကျွမ်းကျင်ဆရာဝန်(Technician) တွေကို ချက်ချင်း ခန့်ပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘာကြောင့်မဖြစ်နိုင်လဲဆိုတော့။ သို့သော်လည်း ကျွန်တော်တို့အနေနဲ့ က အများကြီးတိုးထုတ်နေပါတယ်။ ကျွန်တော်တို့ ၂၀၁၇ ခုနှစ်မှာ အထူးကုဆရာဝန် ၆၄၂ ဦးထွက်ပါ မယ်။ ၂၀၁၈ ခုနှစ်မှာ အထူးကုဆရာဝန် ၈၂၀ ထွက်ပါမယ်။ ၂၀၁၉ ခုနှစ်မှာ အထူးကုဆရာဝန် ၇၆၇ ဦးထွက်ပါမယ်။ ဒီလိုထွက်တဲ့အခါမှာတော့ အချိန်အခါအခြေအနေအရ ခုနက ကြည့်တဲ့ဆေးရုံကြီး အားလုံးမှာကြည့်ပြီး ကျွန်တော်တို့က မြစ်ကြီးနားဆေးရုံကို တာဝန်ချထားပေးမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် မြစ်ကြီးနားဆေးရုံကိုကြည့်လိုက်တဲ့အခါကျတော့ ဆေးအထူးကုသုံးဦးရှိပါတယ်။ ခွဲစိတ် အထူးကုသုံးဦးရှိပါတယ်။ ကလေးအထူးကုသုံးဦးရှိပါတယ်။ သားဖွားမီးယပ်အထူးကုလေးဦးရှိပါတယ်။ အရိုးအထူးကုနှစ်ဦး၊ ဓာတ်မှန်အထူးကုသုံးဦး၊ မေ့ဆေးအထူးကုနှစ်ဦး၊ ရောဂါဗေဒနှစ်ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းနှစ်ဦး၊ မျက်စိအထူးကုတစ်ဦး၊ သွားအထူးကုတစ်ဦး၊ အဏုဇီဝ(Microbiologic) တစ်ဦး၊ ပြန်လည်သန်စွမ်းရေး(Re-hab) အထူးကုဆရာဝန်တစ်ဦး၊ ဦးနှောက်အာရုံကြောအထူးကု ဆရာဝန်တစ်ဦး၊ ကင်ဆာအထူးကုတစ်ဦး၊ စိတ်ရောဂါအထူးကုတစ်ဦး၊ မှူခင်းဆရာဝန်ကြီးတစ်ဦးတို့ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ကျန်တဲ့ဟာတွေကတော့ မရှိသေးပါဘူး။ အဲဒီတော့ ကျွန်တော့် အနေနဲ့ အထူးတင်ပြလိုတာက ဒီအထူးကုဘာသာရပ်အတွက် ပါရဂူသင်တန်း၊ ဘွဲ့လွန်သင်တန်း အတွက်ကတော့ နိုင်ငံအနေနဲ့ကြည့်မယ်ဆိုရင်တော့ အနည်းငယ်နည်းနေပါတယ်။ ဒါဖြစ်တာ

ဘာကြောင့်ဖြစ်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာအရင် Human Resource for Health Plan ရှိခဲ့ပါတယ်။ အလွန်လည်းကောင်းပါတယ်။ အဲဒီ Plan အတိုင်း ကျွန်တော်တို့က မကျင့်သုံးလို့ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် Human Resource for Health Plan ၂၀၁၈ ခုနှစ်ကနေပြီးတော့ ၂၀၂၂ ခုနှစ်အတွက်ကို စဆွဲနေပါပြီ။ ဩဂုတ်လလောက်မှာပြီးမယ်။ ပြီးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ဘယ်အထူးကုမှာ ဘယ်လောက်ထုတ်ရမလဲ။ ဒီနှစ်မှာဘယ်လောက်၊ နောက်နှစ်မှာ ဘယ်လောက်ထုတ်မယ်။ ဘယ်နှစ်ယောက်ပင်စင်သွားမလဲ။ လောလောဆယ် ဘယ်လောက်ရှိတဲ့အခြေအနေမှာမူတည်ပြီး ကျွန်တော်တို့ အဲဒီအတိုင်း ပုံစံကြည့်ထုတ်မှာပါ။ တစ်ခုပဲရှိတယ်။ အချို့အထူးကုကတော့ သိပ်ပြီးတော့ မလိုက်ချင်တာက အကြောင်းအချက်ရှိပါတယ်။ ဒီအထူးကု သူတို့ဘာကြောင့်မသွားလဲဆိုတာ အကြောင်းအချက်တွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီအကြောင်းအချက်တွေကိုလေ့လာပြီးတော့ ဒီလိုသိပ်ပြီးတော့ စိတ်မဝင်စားတဲ့ အထူးကုတွေကို ဆက်လက်ပြီးရအောင်လည်း ကျွန်တော်တို့ ကြိုးစားပေးပါ့မယ်။

နောက်တစ်ချက်က ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ထွက်လာတဲ့ဆရာဝန်တွေကိုကြည့်မယ်ဆိုရင် ကျွန်တော် အခုနက တင်ပြတဲ့အထူးကုဆေးရုံကြီး ၁၄ ရုံပေါ့။ နောက်ဗဟိုအဆင့်ဆေးရုံမှာ ကြည့်ပြီးတော့ သူတို့ရဲ့လူနာဘယ်လောက်လာလဲ။ အခြား Criteria ကိုမူတည်ပြီး ကျွန်တော် မြစ်ကြီးနားဆေးရုံကိုလည်း စဉ်းစားပေးဖို့ ကျွန်တော်ပြောမှာဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့ အကြိမ်ကြိမ်အခါခါ ပါမောက္ခတွေနဲ့ဆွေးနွေးပြီးပါပြီ။ ကျွန်တော်တို့ဘယ်လိုထုတ်မလဲ၊ ဘယ်လိုဖြည့်မလဲ။ ဒီကိစ္စတွေကို ကျွန်တော်တို့ လုပ်နေပါပြီ။

နောက်တစ်ချက်က ကျွန်တော်ဒီမှာတင်ပြချင်တာကတော့ လောလောဆယ်ဘယ်လိုလုပ်မလဲဆိုရင် ရန်ကုန်၊ မန္တလေး၊ မကွေးမှာအထူးကုတွေအများကြီးတက်နေပါတယ်။ Master တွေ။ သူတို့ကို ဘယ်ကိုပို့မလဲဆိုတော့ မြစ်ကြီးနားဆေးရုံ၊ မော်လမြိုင်ဆေးရုံ၊ ဘားအံဆေးရုံ၊ နေပြည်တော်ခုတင် (၁၀၀၀) မှာ MSc တက်နေတဲ့ကာလမှာ သူတို့ကိုသင်တန်းအနေနဲ့ Senior Consultant သင်လည်းပေးမယ်။ တစ်ကြိမ်တည်းမှာ သူတို့လူနာတွေကိုလည်း Treatment ပေးမယ်ဆိုလို့ရှိရင် မြစ်ကြီးနားဆေးရုံမှာလိုတဲ့၊ မရှိတဲ့အထူးကုတွေ။ Master တက်နေတဲ့အထူးကုဆရာဝန်တွေက မြစ်ကြီးနားဆေးရုံမှာတာဝန်ထမ်းဆောင်မယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် ကျွန်တော်တို့မှာအကျိုးရှိတယ်။ ဘယ်လိုအကျိုးရှိလဲဆိုတော့ မန္တလေး၊ ရန်ကုန်၊ မကွေးဆေးရုံမှာ သင်ကြားတဲ့ဆရာဝန်တွေက ပြည့်ကျပ်နေတယ်။

အဲဒီတော့ ဒီဆရာဝန်တွေက နယ်သွားတယ်။ သင်လည်းသင်မယ်၊ ကုလည်းကုမယ်ဆိုရင် တော်တော်များများကောင်းမယ့်အလားအလာရှိတယ်။ ဒီဥစ္စာကို ကျွန်တော်တို့ စတင်လုပ်ဖို့စီစဉ်နေပါပြီ။

နောက်တစ်ချက်က ခန္ဓာကိုယ်အစိတ်အပိုင်းအလိုက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသလို တစ်ဦးဆိုရင် ဒီတစ်ဦးနဲ့ပြောလို့လည်းမရပါဘူး။ Neuro Surgeon တစ်ယောက်ကို ပို့မယ်ဆိုလို့ရှိရင် သူ့မှာခွဲမယ့်ပစ္စည်းကိရိယာတွေ ပေးရပါတယ်။ ထို့အပြင် Neuro နဲ့ပတ်သက်တဲ့ Neuro Anaesthetist မေ့ဆေး။ Neuro နဲ့ပတ်သက်ပြီး Assist လုပ်မယ့် သူနာပြုအကုန်လုံး လုပ်ရမယ်။ Team နဲ့ လုပ်ရပါတယ်။ တစ်ယောက်ပေးလို့မရပါဘူးခင်ဗျား။ အဲဒီတော့ ကျွန်တော်အဲဒါကို တင်ပြချင်တာပါ။ ခန္ဓာကိုယ်အစိတ်အပိုင်းအလိုက် အထူးကုတစ်ယောက်ပို့မယ်ဆိုလို့ရှိရင် အကုန်လုံး မေ့ဆေး၊ ဓာတ်မှန်၊ ခွဲစိတ်၊ သူနာပြု၊ စက်ကိရိယာကျွမ်းကျင်ပါအကုန်လုံးပေးရတဲ့အတွက် ချက်ချင်း ပေးလို့ မရခြင်းဖြစ်ပါတယ်။ ဒီအချက်များအားလုံးကိုလည်း ကျွန်တော်တို့လုပ်မှာပါ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးကို ပြောချင်တာကတော့ မြစ်ကြီးနားက အလွန်ဝေးတဲ့ မြန်မာပြည်မြောက်ပိုင်းမှာရှိတဲ့မြို့လည်းဖြစ်တဲ့အတွက် ဦးစားပေး။ အခြားအောက်ပိုင်းနဲ့ဆိုရင်တော့ ဦးစားပေးမယ်ဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရမည်းသင်းမြို့နယ် ပျားစည်တိုက်နယ်ဆေးရုံအား (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဝင်း(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်အကြောင်းအရာကတော့ ရမည်းသင်းမြို့နယ် ပျားစည်တိုက်နယ်ဆေးရုံအား(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမှာဖြစ်ပါတယ်။ ပျားစည်ကျေးရွာ အုပ်စုဟာ ကျေးရွာငါးရွာနှင့် ဖွဲ့စည်းထားပြီးတော့ လူဦးရေ ၄၈၀၀ ကျော်ရှိပါတယ်။ ရမည်းသင်းမြို့နဲ့လည်း ၂၁ မိုင်ကွာဝေးပါတယ်။ အနီးပတ်ဝန်းကျင်မှာ ဆတ္တိုးကြီးအုပ်စု၊ လွှစင်အုပ်စု၊ အင်တိုင်းအုပ်စု

မှ ကျေးရွာပေါင်း စုစုပေါင်း ၂၄ ရွာမှ လူနာများလည်း ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်မှာဖြစ်ပါတယ်။ ပျားစည်ကျေးရွာဟာဆိုလို့ရှိရင် အထက်တန်းစာသင်ကျောင်းတစ်ကျောင်းရှိပြီးတော့ စီးပွားရေးအခြေခံကောင်းမွန်တဲ့ ကျေးရွာဖြစ်သော်လည်းပဲ မိုးတွင်းကာလတွေမှာ သွားလာရခက်ခဲတဲ့အတွက်ကြောင့်မို့လို့ အရေးပေါ်လူနာများ မလိုလားအပ်ဘဲ ပျက်စီးဆုံးရှုံးရတဲ့အခြေအနေများလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံပြည်သူများက တိုက်နယ်ဆေးရုံတစ်ရုံဆောက်လုပ်ပေးရန်အတွက် လိုလား တောင့်တလျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုက်နယ်ဆေးရုံဆောက်လုပ်ပေးရန်အတွက် မြေနေရာ ၃.၄၂ ဧကလည်း လျာထားသတ်မှတ်ပြီးဖြစ်ပါတယ်။ ကျန်းမာရေးဦးစီးဌာန (နေပြည်တော်)၏ ၂၈-၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ကမဘ/ယ-၁၃၇၃/၄၉ အရနဲ့ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနရဲ့ ၂၅-၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁၁၄၃/တိုးမြှင့် မန်း-တိုင်း ၂၀၁၅ အရ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် အသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ပြုပြီးလည်းဖြစ်ပါတယ်။ ယခုအခါမှာ ကျေးလက်ဆေးပေးခန်းအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာသာရှိတဲ့အတွက် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် မေးမြန်းလိုတာကတော့ ကျေးလက်နေပြည်သူများအတွက် အမှန်တကယ်လိုအပ်လျက်ရှိတဲ့ ပျားစည်တိုက်နယ်ဆေးရုံအား (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍ဆောက်လုပ်ပေးရန် အစီအစဉ်ရှိပါကလည်း မည်သည့်အချိန်မှာ၊ မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ၏ ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ပျားစည်တိုက်နယ်ဆေးရုံအား (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်မည်ကို ဖြေကြားမည်ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊

ရမည်းသင်းမြို့နယ် ပျားစည်ကျေးလက်ကျန်းမာရေးဌာနကို ကျွန်တော်တို့ ဆန်းစစ်ကြည့်တဲ့အခါမှာ ကျန်းမာရေးမှူးတစ်ဦးရှိပါတယ်။ သားဖွားဆရာမခြောက်ဦးရှိရမယ့်နေရာမှာ သုံးဦးရှိပါတယ်။ ဒီကျေးလက်ကျန်းမာရေးဌာနရဲ့ လူနာနှုန်းတွေ ကျွန်တော်တို့ကြည့်ပါတယ်။ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ ခုနှစ်တွေကိုကြည့်တဲ့အခါမှာ တော်တော်တက်လာပါတယ်။ ၂၀၁၆ ခုနှစ်မှာဆိုလို့ရှိရင် ကျေးလက်ကျန်းမာရေးဌာနကို အထွေထွေဆေးခန်းလာပြတဲ့လူနာပေါင်းက ၄၉၇၇ ဦးရှိပြီး၊ အထက်အဆင့်ကိုလွှဲပြောင်းတဲ့လူနာမှာ ၂၅၁ ဦးရှိတယ်ဆိုတာ တွေ့ရပါတယ်။ ဒီ ၂၅၁ ဦးသည် အကယ်၍သာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ဒီမှာ (၁၆)ခုတင်ဆံ့ဆေးရုံ ဆောက်ပေးမယ်ဆိုရင် ဒီ ၂၅၁ ဦးသော လူများသည် ဆက်လက်ပြီးသွားစရာမလိုပဲ ဒီပျားစည်မှာတင် ကုသမှုရဖို့ ရှိပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ပြန်လည်လေ့လာသုံးသပ်တဲ့အခါမှာ ၂၈-၁-၂၀၁၅ ရက်စွဲပါနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ ၁-၁-၂၀၁၅ ရက်နေ့အစည်းအဝေးအမှတ်(၁/၂၀၁၅) အရ ပျားစည်တိုက်နယ်ဆေးရုံ ဖွဲ့စည်းခွင့်အမိန့်ကတော့ ကျပြီးဖြစ်ပါတယ်။ သို့သော်လည်း ဒီဖွဲ့စည်းမိန့်ကျသော်လည်း အဆောက်အဦနဲ့ လူက မရသေးပါဘူး။ မခန့်ထားနိုင်သေးပါဘူး။ ဆိုလိုတာက ကျွန်တော်တို့က ဘဏ္ဍာငွေကို မတောင်းရသေးဘူးဖြစ်နေပါတယ်။ ဘဏ္ဍာငွေတောင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆေးရုံများ အသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့တည်ဆောက် ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ စံကိုက်(၁၆)ခုတင်တိုက်နယ်ဆေးရုံနှင့် အခြားဆေးရုံဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းကို ရတဲ့ဘဏ္ဍာငွေအပေါ်မှာမူတည်ပြီး ကျွန်တော်တို့က ဦးစားပေးလုပ်ပါတယ်။ လုပ်တဲ့အခါမှာ တစ်နှစ်ကို တိုက်နယ်ဆေးရုံ ၄၀ လောက်ပဲ တိုးလို့ရပါတယ်။ အဲဒီတော့ ဒီ ၄၀ တိုးတဲ့အထဲမှာ ပျားစည်က ဦးစားပေးအဆင့်မှာ မပါသွားတဲ့အတွက် သာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မပါဘူးဖြစ်ပါတယ်။ သို့သော် လူနာအခြေအနေအရ ခုနက လွှဲပြောင်းလူနာ ၂၅၁ ဦးဖြစ်တဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် အဆိုပြုတင်ပြ တောင်းခံသွားပြီး ရန်ပုံငွေရရှိတာနှင့်တစ်ပြိုင်တည်း ကျွန်တော်တို့ ဒီဟာကိုဆောက်တဲ့ကိစ္စ၊ ဝန်ထမ်းများချတဲ့ကိစ္စကို အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**မြောင်းမြမြို့နယ်၊ ကွမ်းခြံကြီးကျေးရွာအုပ်စုနှင့် ငါးမြင်းချောင်းကျေးရွာအုပ်စုတို့ရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတို့အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးသူ(မြောင်းမြမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ၊ TV ဖန်သားပြင်ပေါ်မှာ စောင့်ကြည့်နေကြတဲ့ မဲဆန္ဒရှင်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူ ဖြစ်ပြီးတော့ မြောင်းမြမြို့နယ်မှာရှိတဲ့ ကွမ်းခြံကြီးကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ငါးမြင်းချောင်းကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် မြှင့်တင်ပေးဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းမှာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ကွမ်းခြံကြီးကျေးလက်ကျန်းမာရေးဌာနခွဲဟာဆိုရင် ရန်ကုန်-လပွတ္တာ-ဧရာဝတီရေယာဉ်ပြေးဆွဲတဲ့ မြစ်ကမ်းနံဘေးမှာတည်ရှိပြီးတော့ ဧရိယာစတုရန်းမိုင် ၃၀ ခန့်ကျယ်ဝန်းပါတယ်။ ကျေးရွာခွဲပေါင်း ၄၀ ကျော်ရှိပြီးတော့ လူဦးရေ ၂၅၀၀၀ နီးပါးခန့် နေထိုင်ပါတယ်။ အနီးစပ်ဆုံးဆေးရုံနဲ့ ကျေးလက်ကျန်းမာရေးဌာနအကွာအဝေးတွေကတော့ဖြင့် မြောင်းမြဆေးရုံနဲ့ အပြင်ရွာတိုက်နယ်ဆေးရုံတွေကို ရေလမ်းခရီးနဲ့သာ သွားရောက်နိုင်ပါတယ်။ မြောင်းမြကို ၁၄ မိုင်၊ သုံးနာရီခန့်ကြာမြင့်ပြီးတော့ အပြင်ရွာတိုက်နယ်ဆေးရုံကိုတော့ အရှည်မိုင် သုံးမိုင်ကွာဝေးတဲ့အတွက် တစ်နာရီခန့်ကြာမြင့်ပါတယ်။ အကယ်၍သာ ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ခွင့်ရမည်ဆိုပါက ဒေသလွှမ်းခြုံမှုအတွက်ကို ကုလမှ ရေကျော်ဌာနခွဲ၊ နတ်စင်ကျောင်းဌာနခွဲ၊ ပကိတ်ကြီးဌာနခွဲ၊ လူတော်ကြီးဌာနခွဲ အစရှိတဲ့ဌာနခွဲတွေ တိုးချဲ့ဖွဲ့စည်းသင့်ကြောင်းလည်း အကြံပြုပါတယ်။ ဒေသရဲ့လူမှုစီးပွားရေးအခြေအနေကတော့ဖြင့် ဒေသခံအများစုဟာ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းနဲ့ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ပါတယ်။ စာသင်ကျောင်းများစွာလည်းရှိပြီးတော့ ဌာနမှ ကျန်းမာရေးဌာနအဖြစ် ဖွင့်လှစ်မည်ဆိုပါက အသုံးပြုဖို့ လှူဒါန်းထားတဲ့လယ်မြေလည်းရှိပါတယ်။ ဒါကတော့ တိုးမြှင့်ခွင့်ပြုပါက လွှမ်းခြုံနိုင်မယ့်အချက်အလက်ပဲ ဖြစ်ပါတယ်။ အလားတူပဲ ကွမ်းခြံကြီး RHC အဖြစ် တိုးမြှင့်တင်မည်ဆိုပါက ဧရိယာစတုရန်းမိုင် ၃၀ အတွင်းမှာရှိတဲ့ လူဦးရေ ၂၅၀၀၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့်

အပြင် ဒေသခံများ လှေ၊ သမ္ပာန်၊ စက်တပ်ယာဉ်များကို အားထားသွားလာရတဲ့အတွက်ကြောင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေကိုပါ ပေးနိုင်မှာဖြစ်ပါတယ်။ တစ်ပြိုင်တည်းမှာပဲ ဆရာမတစ်ဦးချင်းစီရဲ့ မနိုင်ဝန်ထမ်းမှု တာဝန်ယူထားတဲ့ဟာတွေကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။

ငါးမြင်းချောင်း ကျေးလက်ကျန်းမာရေးဌာနဟာဆိုရင် ပမ္မဝတီမြစ်ကမ်းနံဘေးမှာရှိပြီးတော့ လူဦးရေ ၂၀၀၀၀ ဝန်းကျင်လောက်နေထိုင်ပါတယ်။ ဒေသဟာဆိုရင် တောတောင်လျှိုမြောင်ပေါများပြီးတော့ ကုန်းလမ်း၊ ရေလမ်းခရီးမှာလည်း သွားလာရခက်ခဲတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကတော့ ကျေးလက်ကျန်းမာ ရေးဌာနအဖြစ် မြှင့်တင်ပါက တိုးချဲ့ဖွံ့စည်းသင့်တဲ့ဌာနခွဲတွေပဲဖြစ်ပါတယ်။ ဒေသရဲ့အခြေအနေကို ပြောရမယ်ဆိုရင် ဒေသခံတွေဟာ လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း၊ ဓနိလုပ်ငန်း၊ ရေလုပ်ငန်း ဒါတွေကို လုပ်ကိုင်ပါတယ်။ ကရင်လူမျိုးအများစုနေထိုင်ပြီးတော့ ရခိုင်လူမျိုးအနည်းငယ်လည်း ရှိပါတယ်။ ငါးမြင်းချောင်း RHC ကိုသာ အဆင့်တိုးမြှင့်မယ်ဆိုရင် ဇရိယာစတုရန်းမိုင် ၅၆ ပတ်လည်မှာရှိတဲ့လူဦးရေ ၂၀၀၀၀ ကျော်အပြင် ရေလုပ်သားတွေ၊ ရေလမ်းခရီးသွားတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလည်း ပေးနိုင်မှာဖြစ်ပါတယ်။ အဓိကကတော့ ကျေးလက်ဒေသတွေမှာရှိတဲ့ သွားလာရခက်ခဲတဲ့ ကျေးရွာတွေက ဒေသခံတွေရဲ့ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှာဖြစ်ပါတယ်။ ဒါက ကွမ်းခြံကြီးကျေးရွာပဲဖြစ်ပါတယ်။ ရေပတ်လည်ဝိုင်းနေပါတယ်။ ဆရာမတွေက ဒေသကိုသွားတဲ့အခါမှာ ဒီလိုပဲ လှေတစ်တန်၊ ကုန်းတစ်တန်သွားရတဲ့အခက်အခဲတွေရှိပါတယ်။ လူနာများကလည်း လှေကိုအသုံးပြုရတဲ့အတွက်ကြောင့် ခရီးလမ်းကြန့်ကြာမှုတွေရှိနေပါတယ်။ ဒါက ငါးမြင်းချောင်းကျေးလက်ကျန်းမာရေးဌာနမှာ ဆရာဆရာမတွေ ခက်ခက်ခဲခဲသွားလာနေရတဲ့ပုံတွေပဲဖြစ်ပါတယ်။

ချုပ်ပြီးတော့ဆိုရရင် ကာကွယ်ခြင်းဟာ ကုသခြင်းထက်ပိုပြီးထိရောက်ပြီးတော့ ကုန်ကျစရိတ်လည်း အထူးပဲနည်းပါးပါတယ်။ အထူးသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲတွေဟာဆိုရင် ကျန်းမာရေးပညာပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းအစရှိတဲ့ ပြည်သူ့ကျန်းမာရေးကာကွယ်မှုတွေကို အဓိကဆောင်ရွက်နေတဲ့ဌာနတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ တောရောမြို့ပါမကျန် အထူးသဖြင့် ကျေးလက်နေပြည်သူများအတွက် ထိရောက်တဲ့ကျန်းမာရေးစောင့်ရှောက်မှုများနဲ့ အလှမ်းမဝေးဖို့ မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် မြောင်းမြမြို့နယ်မှာရှိတဲ့ ကွမ်းခြံကြီးကျေးလက်ကျန်းမာရေးဌာနနဲ့ ငါးမြင်းချောင်းကျေးလက်ကျန်းမာရေးဌာနခွဲ

တို့ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ဖို့အစီအစဉ်ရှိ/မရှိနဲ့ ရှိခဲ့ပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းသွားမယ်ဆိုတာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မြောင်းမြမြို့နယ်၊ ကွမ်းခြံကြီးကျေးရွာအုပ်စုနှင့် ငါးမြင်းချောင်းကျေးရွာအုပ်စုတို့ရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတို့အား ကျေးလက်ကျန်းမာရေးဌာန(Rural Health Centre)အဖြစ် အဆင့်တိုးမြှင့်ရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့မှာဆိုရင် ပြည်သူ့ကျန်းမာရေးနှင့်ပတ်သက်ပြီး အဆင့်အတန်းတော်တော်မြင့်မြင့်လေးပေးနေပါတယ်။ ဆိုလိုတာက မြောင်းမြမြို့နယ် တိုက်နယ်ကျန်းမာရေးဌာန သုံးခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန ၁၁ ခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၄ ခု ရှိပါတယ်။ မိခင်နှင့် ကလေးကျန်းမာရေးဌာနတစ်ခုရှိပါတယ်။ ကျောင်းကျန်းမာရေးဌာနတစ်ခု၊ ဒေသန္တရကျန်းမာရေးဌာန တစ်ခုရှိပြီးတော့ ပြည်သူ့ကျန်းမာရေးဝန်ထမ်းဆရာဝန်မပါပေါ့။ ပြည်သူ့ကျန်းမာရေးဝန်ထမ်းနဲ့ မြို့နယ်သူနာပြု(Township Health Nurse)တစ်ဦး၊ ကျန်းမာရေးမှူးတစ်ဦး၊ လက်ထောက်ကျန်းမာရေးမှူး ၁၀ ဦး၊ Public Health Supervisor အဆင့်(၁)နှစ်ဦး၊ Lady Health Visitor အမျိုးသမီး ကျန်းမာရေးဆရာမငါးဦး၊ သားဖွားဆရာမ ၇၁ ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ၁၂ ဦးတို့ဖြင့် မြောင်းမြမြို့နယ်ရှိလူဦးရေပေါင်း ၂၇၀၀၀၀ ကျော်တို့အား ပြည်သူ့ကျန်းမာရေးများ စောင့်ရှောက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်း ကွမ်းခြံကြီးကျေးလက်ကျန်းမာရေးဌာနခွဲနဲ့ ငါးမြင်းချောင်းကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို လေ့လာကြည့်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲကနေပြီးတော့ ကျေးလက်ကျန်းမာရေးဌာနပေါ့ Sub Centre ကနေ Rural Health Centre ကိုတိုးမယ်ဆိုလို့ရှိရင် Criteria (၅)ချက်ရှိပါတယ်။ (၁) ဖွင့်လှစ်မယ့်နေရာမှာ လုံခြုံမှုရှိရမယ်။ ကျေးရွာအုပ်စု ၁၀ စုကနေ ၁၅ စုအထိ တာဝန်ယူနိုင်ရမယ်။ သာမန်အားဖြင့် လူဦးရေ ၁၀၀၀၀ ကနေ ၁၅၀၀၀ ထိရှိရမယ်။ အနီးအနားမှာရှိတဲ့ကျေးရွာကနေပြီးတော့ Sub Centre

ပေါ့လေ။ ဌာနခွဲကိုလာတဲ့ လမ်းပန်းဆက်သွယ်မှုကောင်းရမယ်။ ဒီဌာနခွဲကလည်း နီးစပ်ရာတိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံကိုသွားတဲ့လမ်းပန်းဆက်သွယ်ရေးက ကောင်းရမယ်။ မူလက ကျေးလက်ကျန်းမာရေးဌာနခွဲ Sub Centre ရှိပြီးဖြစ်ရမယ်။ အဲတော့ ဒီ(၅)ချက်နဲ့ကြည့်လိုက်တဲ့အခါမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ကွမ်းခြံကြီးကျေးလက်ကျန်းမာရေးဌာနခွဲနဲ့ ငါးမြင်းချောင်းကျန်းမာရေးဌာနခွဲနှစ်ခုစလုံးဟာ ကိုက်ညီတာကို တွေ့ရတဲ့အတွက် ကျွန်တော်တို့က ဒါကို ထောက်ခံပါတယ်။ အဲဒီအတွက်ကြောင့် ကွမ်းခြံကြီးကျေးလက်ကျန်းမာရေးဌာန ခွဲကိုစွအတွက်ကို ကျွန်တော်တို့က ၁-၃-၂၀၁၇ နေ့စွဲပါစာအမှတ်နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရကို မေးထားပါတယ်။ တိုင်းဦးစီးကို မေးထားပါတယ်။ စာပြန်လာလို့ရှိရင်၊ သူတို့ ထောက်ခံတယ်ဆိုရင် ကျွန်တော်တို့ ဆက်လက်ပြီး လုပ်ပေးပါမယ်။ ငါးမြင်းချောင်းကျန်းမာရေးဌာနခွဲအတွက်ကတော့ ကျွန်တော်တို့ဆီကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူးမှလည်း ၂၆-၁-၂၀၁၇ နှင့် ထောက်ခံတင်ပြထားတာ။ ဆိုလိုရင်းကတော့ ဒီနှစ်ခုစလုံးကို Rural Health Centre ကျေးလက်ကျန်းမာရေးဌာနအဖြစ် ပြုလုပ်ပေးဖို့ရှိပါတယ်။ ဟိုကစာပြန်လာလို့ရှိရင် ကျွန်တော်တို့ Process ဆက်လုပ်မယ်။ လုပ်ပြီးရင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ဘဏ္ဍာငွေတောင်းပြီးတော့ ဆက်လက်ဆောက်ပေးမှာဖြစ်ပါတယ်။ အဲဒါကို လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကြို့ပင်ကောက်မြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆရာဝန်များပါဝင်သော ခုတင်(၁၀၀)ဆံ့ စံကိုက်ဆေးရုံသို့ အဆင့်တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးငွေမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးငွေမင်းသိန်း(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော် ယနေ့မေးမြန်းလိုတဲ့အကြောင်းအရာကတော့ ကြို့ပင်ကောက်မြို့နယ်မှာရှိတဲ့ ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံကြီးကို ခုတင်(၁၀၀)ဆံ့ စံကိုက်ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါ။ ဒါ ကျွန်တော်တို့ ကြို့ပင်ကောက်မြို့က ပုံဖြစ်ပါတယ်။ ဒါ ကြို့ပင်ကောက်မြို့ရဲ့ ပြည်သူ့ဆေးရုံရှိတဲ့တည်နေရာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကြို့ပင်ကောက်မြို့သည် ရန်ကုန်-ပြည်အဝေးပြေးကားလမ်းမကြားထဲမှာရှိနေပြီးတော့ အရှေ့ဘက်မှာဆိုရင် ကျောက်တံခါးမြို့နယ်၊ အနောက်ဘက်မှာဆိုလို့ရှိရင် မိုးညိုမြို့နယ်၊ မြောက်ဘက်မှာဆိုလို့ရှိရင် ဇီးကုန်းမြို့နယ်နှင့် နတ်တလင်းမြို့နယ်၊ တောင်ဘက်မှာ အုတ်ဖိုမြို့နယ်နှင့်နယ်နိမိတ်ထိစပ်နေတဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ဒါ့အပြင် မြေပြန့်ဒေသများဖြစ်ပြီးတော့ ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ခင်းလမ်းတွေနဲ့ ကျေးရွာအားလုံးကို လွယ်ကူစွာ သွားလာနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အဆင့်တိုးမြှင့်ပေးရန် ပြည်သူ့ဆေးရုံကြီးသည်လည်း အဝေးပြေးကားလမ်းနှင့် ရထားလမ်း၊ ဘူတာရုံအနီးတွင် တည်ရှိပြီးတော့ နယ်နိမိတ်ထိစပ်နေတဲ့မြို့နယ်များ၏ အားထားမှု ဆေးရုံမှာရှိတဲ့ အညွှန်းကိန်းတွေ ဖြစ်ပါတယ်။ ဒါဆေးရုံမှာရှိတဲ့ ပြင်ပလူနာစုစုပေါင်းရဲ့ Data တွေဖြစ်ပါတယ်။ ဒါ အတွင်းလူနာစုစုပေါင်းတွေပါ။ လက်ရှိမှာလည်း ခုတင် ၁၀၀ အသုံးပြု၍ သွားလာနိုင်ပါတယ်။ ဒါ့အပြင် လူဦးရေသိပ်သည်းမှုရှိပြီးတော့ မြို့၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့နှင့်အတူ ပြည်သူလူထုက ဆေးရုံအပေါ် ပံ့ပိုးကူညီတဲ့လုပ်ငန်းများဖြစ်တဲ့ ဆင်းရဲနွမ်းပါးလူနာများအတွက် ဆေးရုံတက်စဉ်လိုအပ်တဲ့ နေ့လယ်စာ၊ ညစာပံ့ပိုးမှု၊ မနက်စာအတွက် ကွက်လပ်ဖြည့်လှူမှုအဖွဲ့များ၏ ဆန်ပြုတ်တိုက်တဲ့ အစီအစဉ်တွေ၊ အလှူငွေထောက်ပံ့မှုတွေ၊ ရွှေနှလုံးသားသွေးအလှူရှင်အသင်း၊ လူမှုကူညီမှုအသင်း၊ ဆင်းရဲနွမ်းပါးလူနာများအတွက် ကျန်းမာရေးကူညီမှုဖောင်ဒေးရှင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုတွေဟာလည်း အားကောင်းလှပါတယ်။ ဒါ့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခုတင်အဆင့်တိုးမြှင့်ပေးရန် လိုအပ်သည့်အခြေခံမူများ၊ အညွှန်းကိန်းများနှင့်လည်း ကိုက်ညီမှုရှိနေတာကို တွေ့ရပါတယ်။ ကျန်းမာရေးဌာန၏ လုပ်ထုံးလုပ်နည်းများ အဆင့်ဆင့်ဆောင်ရွက်ထားပြီးဆိုတာလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံကြီးကို သတ်မှတ်စံနှုန်း၊ ခွဲနှုန်း၊ သားဖွားခန်းများနှင့် ဆရာဝန်များပါဝင်သော ခုတင်(၁၀၀)ဆံ့စံကိုက်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးပါရန်အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ် ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံကြီးကို ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆရာဝန်များပါဝင်သော ခုတင်(၁၀၀)ဆံ့စံကိုက်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ တင်ပြမည်ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်မှာ လူဦးရေ ၁၀၀၀၀၀ ကျော်နေထိုင်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဖြင့် ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံ တစ်ရုံ၊ (၁၆) ခုတင်ဆံ့ဆေးရုံနှစ်ရုံဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ Hospital Indicator ပေါ့။ ဆေးရုံမှာရှိတဲ့စာရင်းဇယားကို ကျွန်တော်ကိုယ်တိုင် တွက်ချက်ပါတယ်။ Bed Occupancy Rate ကို ညက ကျွန်တော်တွက်ကြည့်တဲ့အခါမှာ ၂၀၁၂ ခုနှစ် ကနေ ၂၀၁၆ ခုနှစ်အထိကို Bed Occupancy Rate က ခုတင်(၅၀)နဲ့တွက်တဲ့အခါမှာ ၂၀၁၂ ခုနှစ် မှာ ၁၀၀ ရာခိုင်နှုန်း ၊ ၂၀၁၃ ခုနှစ်မှာ ၇၄ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်မှာ ၁၀၀ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာ ၁၂၃ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်မှာ ၁၂၅ ရာခိုင်နှုန်း တက်လာပါတယ်။ ၂၀၁၇ ခုနှစ်ကတော့ ကျွန်တော်မတွက်ပါဘူး။ အဲဒီတော့ တစ်ခုပဲရှိတာက ခုတင်(၅၀)ကနေ ခုတင်(၁၀၀)တင်မယ်ဆိုရင် ကျွန်တော်တို့မှာ Criteria ရှိပါတယ်။ (၁၆)ခုတင်ကနေ (၂၅)ခုတင်၊ (၂၅)ခုတင်ကနေ (၅၀)ခုတင်၊ (၁၀၀)ခုတင်၊ (၂၀၀)ခုတင်၊ (၂၀၀)ခုတင်ကနေ (၅၀၀)ခုတင် ဒီ Criteria တွေရှိတယ်။ ဒီ Criteria တွေအရကတော့ ၁၅၀ ရာခိုင်နှုန်း ရှိမှသာလျှင် ကျွန်တော်တို့က ဒါကို ခုတင်(၅၀)ကနေ ခုတင်(၁၀၀) ကို လုပ်ပါတယ်။ သို့သော်လည်း ဒီကိစ္စမှာကတော့ မကြာခင်အတွင်းကို ကျွန်တော်မြင် တာကတော့ ၁၅၀ ရာခိုင်နှုန်းကို တက်ဖို့ရှိပါတယ်။ အခုလောလောဆယ် ကျွန်တော့်အနေနဲ့ ဒီအချိန်အခါမှာ ပေးမယ်လို့မပြောသော်လည်း ဒီ ၁၅၀ ရာခိုင်နှုန်းနီးနီးကိုရောက်တာနဲ့ တက်ဖို့ကို ကျွန်တော်တို့ လုပ်ပေးပါမယ်။ နောက်တစ်ချက်က ဒီနေရာ ကျွန်တော်တင်ပြချင်တာက ဒီခုတင်(၅၀)ဆံ့ဆေးရုံမှာ ဆိုလို့ရှိရင် ထုံးစံက Specialist မရှိပါဘူးခင်ဗျား။ လက်ထောက်ဆရာဝန်တွေပဲရှိပါတယ်။ သို့သော် လည်း ဒီကြို့ပင်ကောက်မြို့နယ်မှာ လူနာလည်းများတယ်။ မွေးနှုန်းတွေလည်း ဟိုဟာဖြစ်တဲ့အတွက် သားဖွားမီးယပ်အထူးကုတစ်ဦးနှင့် ဆေးပညာအထူးကုတစ်ဦးကိုလည်း ကျွန်တော် အခုတာဝန်ချ

ထားပေးပါတယ်။ ထုံးစံအရတော့ ပေးလို့မရပါဘူး။ သို့သော် အထူးကိစ္စရပ်အနေနဲ့ သားဖွား မီးယပ်အထူးကုနဲ့ ဆေးပညာအထူးကုချပေးထားတယ်။ မကြာခင်အတွင်းမှာလည်း ဒီဟာမတက် သော်ငြားလည်း ကလေးအထူးကုတစ်ဦးကို ကျွန်တော် ပို့ပေးပါမယ်။ ပို့ပေးလို့ရှိရင် တော်တော်လေး ကို တာဝန်ထမ်းဆောင်လို့ရမယ်။ ဒါပေမဲ့ မကြာခင်အတွင်းမှာ ခုတင်(၁၀၀)ဖြစ်လာရင်တော့ အလွန်ကောင်းပါတယ်။ ခုတင်(၁၀၀)ဖြစ်လာရင်တော့ အထူးကုကိုးမျိုးပါလာပါမယ်။ ခွဲစိတ်၊ မီးယပ်၊ သားဖွား၊ OB, Gyn, Paediahic, Medicine, Surgery အပြင် မေ့ဆေးရယ်၊ အရိုးရယ်၊ ဓာတ်မှန်ရယ်၊ ရောဂါဗေဒရယ်၊ သွားအထူးကုများ ပါဝင်လာမှာဖြစ်ပါတယ်။ ဒါလည်း ကျွန်တော့် အမြင်နဲ့ပြောရမယ် ဆိုရင်တော့ ဒီနှစ်ကုန်ပိုင်းလောက်မှာတောင်မှဖြစ်နိုင်ပါတယ်။ အခုလောလောဆယ် အခြေအနေက တော့ ပေးမယ်လို့မပြောသော်ငြားလည်း ၁၅၀ အနီးတက်လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်ပေး မယ်။ သို့သော်လည်း ဒီဆေးရုံမှာ လောလောဆယ် လူနာအလွန်များတဲ့အတွက် တိုင်းဒေသကြီး ဦးစီးမှူးကိုသွားကြည့်ပြီးတော့ လိုအပ်တဲ့ဆေး၊ ဆေးပစ္စည်းတွေက လုံလောက်မှုရှိသလား၊ မရှိသလား ဆိုတာကိုကြည့်ပြီးတော့ ဒါကို လောလောဆယ် အမြန် ကျွန်တော် ပံ့ပိုးပေးပါ့မယ်။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပြောလိုတာကတော့ ရဖို့အလားအလာအလွန်များပါတယ်။ ကျွန်တော်တို့ စောင့်ကြည့်နေပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လှိုင်လင်ခရိုင် အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်း၊ အပြေးပြိုင်ပွဲပြေးလမ်းကြောင်းအား ပြုပြင်ပေးရန်၊ ဘောလုံးပွဲကြည့်စင်နှင့် မိုးလုံလေလုံအားကစားရုံအား အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လှိုင်လင် မဲဆန္ဒနယ်)**။ ။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန် ကောင်းတောင်းရင်းနဲ့ ရွှင်လန်းချမ်းမြေ့ပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လှိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပတဲ့ မြို့နယ်အားကစား

ဖွံ့ဖြိုးတိုးတက်မှု(TSDP) အစီအစဉ်ကို ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်အားကစားကွင်းမှာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှာ မီနီမာရသွန်အပြေးပြိုင်ပွဲများနဲ့ စတင်ကျင်းပခဲ့ပြီး တော့ မွန်းလွဲပိုင်းမှာ ဖွင့်ပွဲအခမ်းအနား ဘောလုံးပြိုင်ပွဲများနှင့် အခြားသောအားကစားပြိုင်ပွဲများကို ကျင်းပခဲ့ပါတယ်။ ဌာနဆိုင်ရာများ မိဘပြည်သူများနှင့်အတူ တက်ရောက်အားပေးခဲ့ပါကြောင်းလည်း တင်ပြအပ်ပါတယ်။ အားကစားပြိုင်ပွဲများကျင်းပရာမှာ လွိုင်လင်ခရိုင်အားကစားကွင်း ပြုပြင်ပေးနိုင် ပါရန် အားကစားဝါသနာရှင်မိဘပြည်သူများမှ တောင်းခံတင်ပြလာပါသဖြင့် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းအပ်ပါ တယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်အားကစားကွင်းအတွင်းရှိ ဘောလုံးပွဲ ပွဲကြည့်စင် အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးပါမည်နည်း။ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ လွိုင်လင်ခရိုင်အားကစား ကွင်းရှိ ဘောလုံးပြိုင်ပွဲကျင်းပသည့်ဘောလုံးကွင်းပြုပြင်မွမ်းမံပေးရန် အစီအစဉ်ကိုလည်း သိလိုပါ တယ်။ လွိုင်လင်ခရိုင်အားကစားကွင်းအတွင်းရှိ မီတာ ၄၀၀ အပြေးပြိုင်ပွဲကျင်းပတဲ့ အပြေးပြိုင်ပွဲ ပြေးလမ်းအား ပြုပြင်ပေးရန်အစီအစဉ်ကိုလည်း သိလိုပါ၍ မေးမြန်းအပ်ပါတယ်။ လွိုင်လင်ခရိုင် အတွင်း အားကစားပြိုင်ပွဲများကျင်းပရန် မိုးလုံလေလုံအားကစားရုံသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ လည်းသိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်အားကစားကွင်းအတွင်းရှိ ဘောလုံးပွဲ ကြည့်စင်အသစ် တည်ဆောက်ပေးရန်၊ ဘောလုံးပြိုင်ပွဲကျင်းပသည့် ဘောလုံးကွင်းပြုပြင်မွမ်းမံပေးရန်၊ အားကစားကွင်းရှိ မီတာ ၄၀၀ အပြေးလမ်းအားပြုပြင်ပေးရန်နှင့် မိုးလုံလေလုံအားကစားရုံသစ် တည်ဆောက်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ဖြေကြားမည်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအားကစား ကွင်းပွဲကြည့်စင်အသစ်ကတော့ ငွေကျပ်သန်း ၁၂၀၊ ဘောလုံးကွင်းပြုပြုဖို့က ငွေကျပ်သန်း ၄၀၊ မီတာ ၄၀၀ ပြေးလမ်းဖောက်ဖို့အတွက်က ငွေကျပ် ၃၅ သန်း၊ မိုးလုံလေလုံအားကစားရုံအသစ် တည်ဆောက်

ခြင်းက ငွေကျပ်သန်း ၂၂၀ တို့ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ရှမ်းပြည်နယ် အားကစားနှင့်ကာယဦးစီးဌာနကို ဗဟိုကနေပြီးတော့ ဇန်နဝါရီလ ၂၄ ရက်နေ့ကနေပြီးတော့ ကျွန်တော်တို့ မေးမြန်းပါတယ်။ ချက်ချင်းပဲ ၂၅ ရက်နေ့မှာ ကျွန်တော်တို့ အဖြေရပါတယ်။ ထို့အပြင် ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှလည်း ၂၇ ရက်နေ့မှာ ပြန်စာရရှိပါတယ်။ သုံးရက်အတွင်း ဒီလိုပြန်စာရရှိတဲ့အတွက်လည်း ဒီကိစ္စကို ရှမ်းပြည်နယ်အစိုးရမှ အရေးတယူဂရုစိုက်ပြီး ပြန်လည်သိရတဲ့အတွက် ဒီဟာ အလွန်ကောင်းတဲ့လက္ခဏာရှိပါတယ်။ ဗဟိုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်က အလွန်ကောင်းမွန်တဲ့ ဆက်သွယ်ရေးလမ်းကြောင်းရှိတာကို တွေ့ရပါတယ်။ အဲဒီတော့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးကိုယ်တိုင်က ကျွန်တော်တို့ကို ပြောထားပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဘတ်ဂျက်ဖြည့်စွက်ရန်ပုံငွေတွင် ဦးစားပေးထည့်သွင်းလျာထားမည်ဖြစ်ကြောင်း ပြောပါတယ်။ ထို့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် အဆိုပါတည်ဆောက်ရေးလုပ်ငန်းများ ဘတ်ဂျက်ဖြတ်တောက်မှုတွင်မပါခဲ့သည်ရှိသော် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ ပြည်နယ်ဘတ်ဂျက်ငွေလုံးငွေရင်းရန်ပုံငွေတွင် ဆက်လက်ထည့်သွင်းလျာထားမည်ဖြစ်ကြောင်း ကို ရှမ်းပြည်နယ်အစိုးရကပြောတဲ့အတွက် ဒီဟာရဖို့က အလားအလာအလွန်များပါတယ်။ ကျွန်တော့် အနေနဲ့ ဒီလိုကိစ္စမှာ တင်ပြချင်တာကတော့ ပြည်နယ်နဲ့ ကျွန်တော်တို့က ဆက်သွယ်ရေးလမ်းကြောင်း အလွန်ကောင်းပါတယ်။ ဒါမျိုးကိုလည်း အခြားပြည်နယ်နှင့်တိုင်းဒေသကြီးမှာ ဆက်လက်တည်ရှိမယ် ဆိုရင် ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ လုပ်ငန်းများဟာ အလွန်မြန်မည်ဖြစ် ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကသာမြို့တွင် ခရိုင်အဆင့်တိုင်းရင်းဆေးရုံခွင့်ပြုချမှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကသာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည် ဖြစ်ပြီး ကသာမှာ တစ်ခရိုင်လုံးအတွက် လိုအပ်နေတဲ့ ခရိုင်အဆင့် တိုင်းရင်းဆေးရုံ တည်ဆောက်ဖို့ကိစ္စ တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

**မူကြမ်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်ဟာ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးစတဲ့ ခုနစ်မြို့နယ်ပါဝင်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးထဲက မြို့နယ်ဖြစ်ပေမဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်အနောက်ဘက်အစွန်ကျေးရွာတွေ၊ ကချင်ပြည်နယ်၊ ရွှေကူ မြို့နယ်အနောက်ဘက်ကျတဲ့ ကျေးရွာတွေနဲ့ မြေပြင်အနေနဲ့ထိစပ်နေပြီး နေ့စဉ်အပြန်အလှန် ကူးသန်း သွားလာမှု အများအပြားရှိပါတယ်။ ဒီနယ်တစ်ခွင်ဟာ မိုးများပြီး စွတ်စိုတဲ့ရာသီဥတုမျိုးရှိခဲ့ဖူးပေမဲ့ ဒေသကြီးတစ်ကျောလုံး သစ်တောတွေ မတန်တဆပြုန်းတီးသွားလို့ ရာသီဥတုဖောက်ပြန်ကုန်ပြီး ရှေ့ကနဲ့မတူ အပူချိန်တွေလည်း နေမထိထိုင်မထိ မြင့်မားလာနေပါပြီ။ လူတွေလည်း မြင့်တက်လာ နေတဲ့အပူချိန်နဲ့ အသားမကျတတ်တော့ ဖျားလွယ်နာလွယ်ဖြစ်လာကြပါတယ်။ ဒီကရှေ့ဆိုရင် မိုးလည်း ကျတော့မှာဆိုတော့ ငှက်ဖျား၊ အူရောင်ငန်းဖျား၊ ဝမ်းပျက်၊ ဝမ်းလျှောစတာတွေ များလာကြအုံးမှာပါ။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ကသာမှာ ခုတင်(၁၀၀)ဆေးရုံရှိပြီး ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ထီးချိုင့် မြို့နယ်တွေအပြင် နယ်ချင်းစပ်နေတဲ့ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တွေက နီးစပ်ရာရွာလူထုတွေပါ အားထားတက်ရောက်ကုသကြပါတယ်။ အဲဒီလို ဆေးရုံလာတဲ့လူတွေရှိသလို အစဉ်အလာအစွဲအလမ်း အသားကျနေတဲ့တိုင်းရင်းဆေးကိုသာ အားကိုးကြဆဲ လူမမာတွေကတော့ တိုင်းရင်းဆေးခန်းဆေးကုဌာနတွေကိုသာ သွားဖို့အားသန်ကြပါတယ်။ ကသာခရိုင်အတွင်းက တိုင်းရင်းဆေးကုဌာနတွေကို နှစ်စဉ်ပျမ်းမျှလူမမာ ၁၅၀၀၀ နှင့် ၂၀၀၀၀ ကြားလောက် လာရောက် ကုသတယ်လို့ သိရပါတယ်။ စိစစ်လေ့လာမှုတွေအရ သွေးတိုး ၇၀ ရာခိုင်နှုန်း၊ လေငန်းလေဖြတ် ၄၀ ရာခိုင်နှုန်း၊ အရိုးကျိုးအဆစ်လွဲ ၂၀ ရာခိုင်နှုန်း၊ လိပ်ခေါင်းအနာပေါက်၊ ဆီးချိုနဲ့ ဆက်နွယ်ဖြစ်ပွား ရောဂါ ၁၅ ရာခိုင်နှုန်း၊ အရိုးကျီးပေါင်းတက် ၁၀ ရာခိုင်နှုန်း စသည်ဖြင့် တွေ့ရပါတယ်။ ကသာမြို့မှာ မြို့နယ်အဆင့် တိုင်းရင်းဆေးကုဌာနနှင့် ခရိုင်အဆင့် တိုင်းရင်းဆေးကုဌာနတို့ရှိပေမယ့် ညအိပ်လူမမာ လက်ခံကုသပေးနိုင်တဲ့ တိုင်းရင်းဆေးရုံမရှိသေးပါဘူး။ ခရိုင်အတွင်းက ထီးချိုင့်မြို့မှာ (၁၆) ခုတင် မြို့နယ်တိုင်းရင်းဆေးရုံရှိပေမယ့် ကသာနဲ့ ရေလမ်းအားဖြင့် မိုင် ၄၀ နီးပါး ကားလမ်းနဲ့ဆိုရင် ၁၂ ရာသီသွားနိုင်ဖို့ အင်းတော်ဘက်က ပတ်မောင်းရတာကြောင့် မိုင် ၆၀ လောက်ဝေးနေလို့ လက်လှမ်း မမီပါဘူး။ တကယ်လို့သာ ကသာမှာ ခရိုင်အဆင့် တိုင်းရင်းဆေးရုံသာရှိမယ်ဆိုရင် အတွင်းလူနာအဖြစ် ညအိပ်ညနေဆေးရုံတက်ရောက်ကုသရမယ့်လူနာတွေကို လက်ခံကုသပေးနိုင်မှာဖြစ်လို့ ရောဂါ သက်သာပျောက်ကင်းမှုနှုန်းလည်း မြင့်တက်လာနိုင်ပါတယ်။ ကသာမြို့ရဲ့အားသာချက်က တိုင်းရင်း ဆေးရုံခွင့်ပြုချမှတ်ပေးမယ်ဆိုရင် ဆေးရုံဆောက်ဖို့မြေနေရာလည်း စည်ပင်နယ်နိမိတ်ထဲမှာလည်း

နှစ်ဧကခွဲခန့် ကျယ်ဝန်းတဲ့မြေနေရာလုံလုံလောက် လောက်လျှာထားပြီးအဆင်သင့်ရှိနေပါတယ်။ တိုင်းဒေသကြီးအတွင်းမှာတော့ ကသာဟာ လမ်းပန်းဆက်သွယ်ရေးမှာ အဆိုးကြီးမဟုတ်သလို အကောင်းကြီးလည်းမဟုတ်ပါဘူး။ အဲဒီလိုပဲ ကျန်တဲ့ ကျန်းမာရေးကဏ္ဍမှာလည်း အပြည့်စုံတတ်သေးပေမဲ့ ဆုံမှတ်ကျနေတဲ့ ကသာလိုမြို့မျိုးမှာ တိုင်းရင်းဆေးရုံတစ်ရုံဖွင့်လှစ်ပေးလိုက်မယ်ဆိုရင် ဒါသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးလိုက်ရာရောက်ပြီး ဒေသခံပြည်သူများလည်း အဆင်ပြေသွားနိုင်တယ်လို့ သုံးသပ်မိပါတယ်။ လက်ရှိအခြေအနေမှာ အစိုးရအနေနဲ့ ကျန်းမာရေးအသုံးစရိတ်ကို အတတ်နိုင်ဆုံး မျှမျှတတဖြစ်အောင် တစ်ပြည်လုံးခွဲဝေသုံးစွဲနေရတာကို သတိပြုမိပေမယ့် ကသာမြို့မှာ ဖော်ပြပါခရိုင်အဆင့် တိုင်းရင်းဆေးရုံ အမှန်တကယ်လိုအပ်နေတာလည်းဖြစ်တဲ့အလျောက် တည်ဆောက်ပေးနိုင်ပါမည်အကြောင်း မေတ္တာရပ်ခံတိုက်တွန်းရင်း ကသာမြို့မှာ ခရိုင်အဆင့် တိုင်းရင်းဆေးရုံခွင့်ပြု ချမှတ်ပေးရန် အစီအစဉ်ရှိ/မရှိ။ ရှိသည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်နိုင်မည်ဆိုသည်ကို သက်ဆိုင်ရာသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကသာခရိုင်၊ ကသာမြို့တွင် ခရိုင်အဆင့်တိုင်းရင်းဆေးရုံခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ဖြေကြားပေးမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ဆေးကုသခန်းများ၊ ဆေးရုံများတိုးချဲ့ဆောက်လုပ်တဲ့အခါမှာ ဆောက်လုပ်မည့်မြေနေရာ၊ ပတ်ဝန်းကျင်၌ အခြားတိုင်းရင်းဆေးခန်း၊ ဆေးရုံများရှိမှု၊ လူဦးရေသိပ်သည်းမှု လိုအပ်သောမြေနေရာ၊ လမ်းပန်းဆက်သွယ်ရေးရှိမှု၊ ဝန်ထမ်းများရဲ့လုံခြုံရေးအခြေအနေ အထူးသဖြင့် မြန်မာ့တိုင်းရင်းဆေးအား နယ်မြေလူထုကယုံကြည်မှုရှိ/မရှိ။ ဘဏ္ဍာငွေခွင့်ပြုမိန့်ရတဲ့အပေါ်မှာမူတည်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ခြုံငုံသုံးသပ်ပြီးတော့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ တိုင်းရင်းဆေးရုံများ ကျွန်တော်တို့ ဖွင့်လှစ်ထားတဲ့အခါမှာ ကသာခရိုင်တည်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် ဆေးရုံတွေအများဆုံးရှိပါတယ်။ မုံရွာမှာ ခုတင်(၅၀)ဆံ့ဆေးရုံ၊ မင်းကွန်းနှင့်မြင်းမူမှာ (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံတစ်ရုံစီ ကလေးမြို့တွင် ဖွဲ့စည်းပုံကြပြီးသား (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံတစ်ရုံ၊ ရေဦး၊ ထီးချိုင့်၊ ကန့်ဘလူမြို့တွင် (၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံတစ်ရုံစီရှိပါတယ်။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စုစုပေါင်း တိုင်းရင်းဆေးရုံက ငါးရုံအထိရှိပါတယ်။ ဒီမှာရှစ်ရုံအထိရှိနေပါတယ်။ ဒီမှာ ကသာမြို့နယ်တွင် ကသာခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနရုံးနှင့် ကသာမြို့နယ်တိုင်းရင်းဆေးကုသဌာနတို့ရှိပြီး ၂၀၁၆ ခုနှစ် အသေးစိတ် လေ့လာပါတယ်။ ၂၀၁၆ ခုနှစ် ဧပြီလကနေ ၂၀၁၇ ခုနှစ် မတ်လအထိကို ကသာ၊ ကောလင်း၊ ပင်လည်ဘူး၊ ဝန်းသို၊ ထီးချိုင့်မှာ တိုင်းရင်းဆေးလာကုတဲ့လူနာကိုကြည့်တဲ့အခါမှာ ကသာမှာ ၁၂ ဦး၊ ကောလင်းမှာ ကိုးဦး၊ ပင်လည်ဘူးမှာ ရှစ်ဦး၊ ဝန်းသိုမှာ ကိုးဦး၊ ထီးချိုင့်မှာ ရှစ်ဦး စုစုပေါင်း ၄၅ ဦးပဲရှိပါတယ်။ စုစုပေါင်းလာပြတဲ့လူနာပေါင်း တစ်နှစ်လုံး ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကနေ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ အထိ ၁၁၀၅၇ ဦးရှိတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ လောလောဆယ်ကတော့ လူနာဦးရေအလွန်နည်းတယ်။ ဒီအချက်ကလည်း အလွန်အရေးကြီးပါတယ်။ ဘာကြောင့်တိုင်းရင်းဆေးရုံရှိရဲ့သားနဲ့ လူနာက တစ်ရက်မှာ ကိုးယောက်လာပြတယ်။ ရှစ်ယောက်လာပြတယ်။ ဒီကိစ္စကို ကျွန်တော်က စုံစမ်းကြည့်ဖို့လိုပါတယ်။ ဒါကို အဖြေသိမှသာလျှင် ကျွန်တော်တို့က ဒီနေရာမှာဆောက်သင့်/မဆောက်သင့်ကို ကျွန်တော်တို့စဉ်းစားမှာဖြစ်ပါတယ်။

သို့သော်လည်း ဒီကသာနှင့်အနီးဆုံးဖြစ်ပြီး ရာသီမရွေးကားလမ်းနှင့် နှစ်နာရီခန့်သွားပြီးတော့ ၅၈ မိုင်ရှိတဲ့ ထီးချိုင့်မြို့နယ်မှာတော့ (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံက ဆောက်ပြီးပါပြီ။ အဲဒီတော့ ဖွဲ့စည်းပုံရဖို့အတွက်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေပြီးတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့တို့ ကျွန်တော်တို့ လာမယ့်နှစ်မှာ တောင်းခံမှာပါ။ ဖွဲ့စည်းပုံရရှိရင်တော့ ထီချိုင့်မှာတော့ဆောက်ပေးပါမယ်။ လောလောဆယ် ကသာမှာတော့ ယခုအခြေအနေအချိန်အခါအရ ဆောက်ပေးဖို့အစီအစဉ်မရှိသေးကြောင်း ပြောကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**မိုင်းကိုင်မြို့နယ်အတွက် အားကစားနှင့် ကာယပညာဦးစီးဌာန ဖွင့်လှစ်ပေးနိုင်ရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆိုင်မိုင်း(မိုင်းကိုင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုကြီးကို ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် ဖော်ဆောင်ရာမှာ တစ်နိုင်ငံလုံးကျန်းမာကြံ့ခိုင်ရေး၊ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေးဟာ အဓိကဦးတည်ချက် အခန်းကဏ္ဍမှာပါဝင်နေပါတယ်။ ကျန်းမာကြံ့ခိုင်ရေးအတွက် ရောဂါရှာဖွေရေး၊ ကုသတိုက်ဖျက်ရေးဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများနှင့်သာ ဆောင်ရွက်လို့မပြည့်စုံနိုင်ဘဲ ကျန်းမာကြံ့ခိုင်သန်စွမ်းရေး၊ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေးတို့အတွက် အားကစားကဏ္ဍဟာ မရှိမဖြစ်အဓိကလိုအပ်လျက်ရှိပါတယ်။ ယခုအခါ အာကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားသိပ္ပံကျောင်းများလည်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိနေတာကို တွေ့ရှိရပါတယ်။ မြို့နယ်အလိုက် အားကစားဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက် တိုးမြှင့်ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါတယ်။ လက်ရှိအချိန် တစ်နိုင်ငံလုံးအတိုင်းအတာမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဟာ မျိုးဆက်သစ်များနှင့် အနာဂတ်နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားစွာဖြစ်နေကြောင်း အားလုံးအသိဖြစ်ပါတယ်။ မူးယစ်ဆေးဝါးရဲ့သားကောင်များ အန္တရာယ်မှ ဟန့်တားကာကွယ်ဖို့အတွက် အားကစားကဏ္ဍသည် အလွန်အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။ သို့သော်လည်း မိမိမဲဆန္ဒနယ်ဖြစ်တဲ့ ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့နယ်မှာ အားကစားနှင့် ကာယပညာဦးစီးဌာနဖွင့်လှစ်ထားခြင်း မရှိသေးပါ။ မိုင်းကိုင်မြို့နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူများ၊ မျိုးဆက်သစ်လူငယ်များ ကျန်းမာကြံ့ခိုင်သန်စွမ်းရေး၊ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေးအတွက် အားကစားနှင့်ကာယပညာဦးစီးဌာနတစ်ခု ဖွင့်လှစ်ပေးရန် လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ အားကစားကဏ္ဍနှင့်ပတ်သက်ပြီး ဦးစီးဌာနမရှိသေးတဲ့ မိုင်းကိုင်မြို့နယ်အား အားကစားနှင့် ကာယပညာဦးစီးဌာနဖွင့်လှစ်ပေးနိုင်ရေး မည်သို့ဆောင်ရွက်ပေးနိုင်မည်နှင့် မည်သည့်

အချိန်ကာလတွင် အကောင်အထည်ဖော်ဖွင့်လှစ်ပေးနိုင်မည်ကို ဒေသခံပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားကစားကဏ္ဍနှင့်ပတ်သက်၍ ဦးစီးဌာနမရှိသေးသော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မြို့နယ်အတွက် အားကစားနှင့် ကာယပညာဦးစီးဌာနဖွင့်လှစ်ပေးနိုင်ရေးအတွက် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို ကျွန်တော် ဖြေကြားမည်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသကဲ့သို့ ပြည်သူများ ကျန်းမာကြံ့ခိုင်နိုင်စေရန် ရောဂါရှာဖွေရေး၊ ကုသတိုက်ဖျက်ရေးနှင့်ဆိုင်ရာ ဆေးရုံ၊ ဆေးပေးခန်းနဲ့ ဆောင်ရွက်နေတာ လုံးဝမပြည့်စုံဘူးဆိုတာ ကျွန်တော်တို့ လုံးဝထောက်ခံပါတယ်။ ကျန်းမာကြံ့ခိုင်သန်စွမ်းရေး၊ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေးအတွက် အားကစားကဏ္ဍဟာ မရှိမဖြစ်လိုအပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မြို့နယ်တိုင်း၊ မြို့နယ်တိုင်းမှာ အားကစားမှူးများ ခန့်ထားနိုင်အောင် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် အဓိကက ပြည်သူများ အားကစားလုပ်ချင်စိတ်ရှိအောင် အမျိုးမျိုးသောနည်းလမ်းနဲ့ ကျွန်တော်တို့ လုပ်ဆောင်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့နယ်မှာ အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပုံတွင် ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအရ အရာထမ်းတစ်နေရာ၊ အမှုထမ်းငါးနေရာ စုစုပေါင်းခြောက်နေရာ၊ သို့သော် လောလောဆယ်ဝန်ထမ်းများ ခန့်အပ်နိုင်ခြင်းမရှိပါ။ အရာထမ်းတစ်နေရာအတွက်ကိုတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ထားပြီး အားကစားမှူးရှစ်ဦးသည် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှာ မေလ ၂၉ ရက်နေ့က တက်နေပါတယ်။ စက်တင်ဘာ ၁၅ ရက်နေ့မှာ ပြီးမှာဖြစ်ပါတယ်။ အရာထမ်းလောင်း အခြေခံသင်တန်း ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၂) (Postgraduate Diploma In Civil Service Management Course Batch No.2) သို့ တက်ရောက်နေပါတယ်။ သင်တန်းပြီးလို့ရှိရင် အဲဒီထဲက အမျိုးသားအားကစားမှူးသုံးဦးပါပါတယ်။ အမျိုးသမီးငါးဦးပါပါတယ်။ အဲဒီထဲက အမျိုးသားသုံးဦးထဲက သင့်လျော်သောအမျိုးသားတစ်ဦးကို ဦးစားပေးပြီး ခန့်သွားမှာဖြစ်ပါ

တယ်။ အမျိုးထမ်းရာထူးများအတွက်ကတော့ ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့နယ်သည် ဝေးလံဒေသဖြစ်၍ ဒေသခံများနှင့်သာ သင့်လျော်တဲ့အတွက်ကြောင့် ဒေသခံများထဲမှ သတ်မှတ်ချက်နှင့်ကိုက်ညီတဲ့ ဒေသခံများလျှောက်ထားပါက ကျွန်တော်တို့ ခန့်အပ်မည်ဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် နိုင်ငံတာဆက်ဆံရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဘိုဘိုဦး(အတွင်းရေးမှူး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး၊ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ အစီရင်ခံစာနှင့်ပတ်သက်ပြီး ကော်မတီဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်အရ ကော်မတီကိုယ်စား နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို တင်ပြအစီရင်ခံမှာဖြစ်ပါတယ်။ အစီရင်ခံစာအပြည့်အစုံကို ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာသောအားဖြင့် အစီရင်ခံစာကောက်နုတ်ချက်ကိုသာ ကျွန်တော် တင်ပြသွားပါ့မယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီက ဆောင်ရွက်ရတဲ့လုပ်ငန်းတာဝန်များ ဟာ အခြားကော်မတီများနည်းတူ များပြားလှတဲ့အတွက် ယခုအစီရင်ခံစာကို ကိုယ်စားလှယ်ကြီးများ အတွက် လိုရင်းတိုရှင်း သိရှိလေ့လာနိုင်ရန် အကျဉ်းချုပ်တင်ပြထားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတကာဆက်ဆံရေးကော်မတီကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပစဉ် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၆)ဖြင့် အဖွဲ့ဝင် (၁၅)ဦးနဲ့ ဖွဲ့စည်းပေးခဲ့ပါ တယ်။ ဒီနောက်မှာ ကော်မတီဥက္ကဋ္ဌ ပြောင်းလဲခန့်အပ်ခြင်း၊ ကော်မတီဝင်များအစားထိုးခန့်အပ်ခြင်း၊

လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခြင်းဖြင့် ကော်မတီ၏တာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။ ယခုဆိုလျှင် ကော်မတီအဖွဲ့ဝင် ၁၈ ဦးနှင့်အတူ လေ့လာသူတပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် နှစ်ဦး စုစုပေါင်း ကော်မတီဝင် ၂၀ ဦးဖြင့် ကော်မတီရဲ့လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေပါတယ်။ ယခု တင်ပြသည့်အစီရင်ခံစာမှာ အဓိကအားဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတင်ကျင်းပချိန် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပပြီးချိန် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့အထိ လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို အဓိကထား တင်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာမှာ ကော်မတီအတွက် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေသည့် အပြင် ကော်မတီက လက်တွေ့လုပ်ဆောင်နေသော လုပ်ငန်းတာဝန်များ၊ ကော်မတီဝင်များ၏ မေးခွန်း၊ အဆိုများ တင်သွင်းမေးမြန်းမှုများကိုလည်း လှုပ်ရှားစွမ်းဆောင်မှုအဖြစ်ဖော်ပြထားပါတယ်။ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်ဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များဟာ နိုင်ငံတကာအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် လေ့လာရေး ခရီးစဉ်များ သွားရောက်ဆောင်ရွက်ခဲ့မှုများကိုလည်း အစီရင်ခံစာမှာ နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြ ထားပါတယ်။ ထို့ပြင် နိုင်ငံတကာဆက်ဆံရေးကော်မတီသည် နိုင်ငံတကာသံတမန်များနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအား လက်ခံတွေ့ဆုံမှုများကိုလည်း နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်မှုများအဖြစ် ဖော်ပြထားပါတယ်။ နိုင်ငံတကာဆက်ဆံရေး ကော်မတီ၏ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ စတုတ္ထပုံမှန်အစည်းအဝေးကာလ အတွင်း ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ များစိစစ်တဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်း ဖော်ပြ ထားပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတကာဆက်ဆံရေးကော်မတီအနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးမှတစ်ဆင့် တာဝန်ရှိသူများကိုလည်း အခါအားလျော်စွာ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီရုံးရှိရာ လွှတ်တော်ရေးရာဆောင်အမှတ်(I-5) သို့ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိတဲ့သူတွေကိုဖိတ်ခေါ်ပြီးတော့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့လုပ်ဆောင်ချက်များ၊

မူဝါဒများ၊ ဘဏ္ဍာငွေသုံးစွဲမှုကိစ္စရပ်များအပါအဝင် နိုင်ငံတကာစာချုပ်စာတမ်းများကိစ္စရပ်များကို ဆွေးနွေး မေးမြန်းမှုများကိုလည်း ပြုလုပ်ခဲ့ပါတယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များအနေနဲ့ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်နှင့် မိမိတို့မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍လည်းကောင်း မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုများတင်သွင်း၊ ဆွေးနွေးခြင်းများပြုလုပ်ခဲ့ရာ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးကာလအထိ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ မေးခွန်း ၃၀ ကြိမ်၊ အဆိုတစ်ကြိမ်တင်သွင်းခြင်းနှင့် အဆိုဆွေးနွေးမှု ၃၉ ကြိမ် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီအနေနဲ့ သုံးသပ်အကြံပြုတင်ပြလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်များအား နိုင်ငံတကာအတွေ့အကြုံများ ပိုမိုရရှိနိုင်စေရန် ဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာလွှတ်တော်များ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသည် ကျယ်ပြန့်လှသော နိုင်ငံတကာရေးရာကိစ္စရပ်များနှင့် တာဝန်များကို ဆောင်ရွက်ထမ်းဆောင်ရာတွင် ကော်မတီဝင်များနှင့် ကော်မတီဝန်ထမ်းများ၏ စိတ်ပါဝင်စားစွာ ကြိုးစားအားထုတ်ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကော်မတီ၏လုပ်ငန်းများ အဆင်ပြေချောမွေ့လည်းပတ်လျက်ရှိပြီး ပြည်သူ့လွှတ်တော်မှပေးအပ်သည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏
# လုပ်ငန်းတာဝန်များဆောင်ရွက်မှု အစီရင်ခံစာ

## နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈) ခုနှစ်နှင့် အညီ လွှတ်တော်များ ဖွဲ့စည်းပေါ်ပေါက်ခဲ့ပြီး၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်း အဝေးကျင်းပခဲ့ချိန် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ စတုတ္ထပုံမှန် အစည်းအဝေးကျင်းပ ပြီးချိန် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့အထိ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ လုပ်ငန်း ဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြအပ်ပါသည်။

## ရည်ရွယ်ချက်

၂။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်မှု အခြေအနေများကို သိရှိနိုင်ရန်၊ အစီရင်ခံစာတင်ပြခြင်းမှ နောင်တွင် ဆက်လက်လုပ်ကိုင် ဆောင်ရွက် ရမည့်လုပ်ငန်းများကို သိရှိနိုင်ရန်၊ မှတ်တမ်းတစ်ခုအဖြစ် ထားရှိနိုင်ရန်နှင့် ဆောင်ရွက်ချက်များ အပေါ်တွင် လိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြု ကူညီပံ့ပိုးပေးနိုင်ရန်တို့အတွက် ရည်ရွယ်ပါသည်။

## ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဖွဲ့စည်းခြင်း

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ကျင်းပခဲ့ရာ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ (ဂ) အရ၊ လိုအပ်ချက်နှင့်အညီ ကော်မတီများကို တိုးချဲ့ ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ နိုင်ငံတကာဆက်ဆံရေးကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၆ ဖြင့် အောက်ပါ အတိုင်း ဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဒေါ်စုစုလွင် | သုံးခွမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ပြုံးကေသီနိုင် | ကလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်ခင်နှင်းသစ် | ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |

မူကြမ်း

| | | | |
|---|---|---|---|
| (ဃ) | ဦးမျိုးဇော်အောင် | ကောလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးနိုင်ထူးအောင် | နွားထိုးကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဇာနည်မင်း | ရွှေကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးကံဦး | စလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးဇော်သိန်း | ဝါးခယ်မမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစိုင်းဆိုင်မိုင်း | မိုင်းကိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဦးထွန်းဝင်း | ကျောက်တော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဒေါ်မိကွန်ချမ်း | ပေါင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဒေါ်နန်းမိုး | မန်တုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးစိုင်းဝေါင်းဆိုင်ဟိန်း | မောက်မယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဦးဘိုဘိုဦး | စမ်းချောင်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင် ဖွဲ့စည်းခဲ့သော ကော်မတီ ဥက္ကဋ္ဌ ဒေါ်စုစုလွင်(သုံးခွမဲဆန္ဒနယ်) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစား နိုင်ငံတကာ ဆက်ဆံရေးကော်မတီအဖွဲ့ဝင်ဖြစ်သော ဝါးခယ်မမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်းကို ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၆)အရ ပြောင်းလဲတာဝန်ပေးခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်နေ့ တွင် ကျင်းပသော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့၌ ပြည်သူ့ လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၆) နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ လစ်လပ် လျက်ရှိသော ကော်မတီအဖွဲ့ဝင်နေရာတွင် ပဲခူးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံကို ကော်မတီအဖွဲ့ဝင်အဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

**မူကြမ်း**

**ကော်မတီ၏သက်တမ်းတိုးမြှင့်ခြင်း**

၅။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့၌ ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာ စာအမှတ် (၁၃/၂၀၁၇) ဖြင့်ကော်မတီ၏ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်၏ နောက်တစ်နေ့မှစ၍ တစ်နှစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

၆။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော် ဒုတိယ အကြိမ် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့၌ ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာ အမှတ် (၁၄/၂၀၁၇) ဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီ အဖွဲ့ဝင် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီး မောင်မောင်ဦး အစား ဗိုလ်မှူးကြီး နေဝင်း အား အစားထိုး ဖွဲ့စည်းခဲ့ပြီး ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇) အရ ရေဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမင်းသိန်းနှင့် အောင်လံမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့် တို့ကို ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

၇။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင်ကျင်းပသော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့၌ ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာ အမှတ် (၁၈/၂၀၁၇) ဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ ဇမ္ဗူသီရိမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော် (ခ) ဦးဇေယျာသော် အား အဖွဲ့ဝင်အဖြစ် ထပ်မံထည့်သွင်း တာဝန်ပေးအပ်ခဲ့ပါသည်။

၈။ ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၇) ဖြင့် ဗိုလ်မှူးကြီး နေဝင်း အစား ဗိုလ်မှူးချုပ် ဝင်းကိုကို အား နိုင်ငံတကာ ဆက်ဆံရေးကော်မတီသို့ ပြောင်းရွှေ့ တာဝန်ပေးအပ်ခဲ့ပါသည်။

**မူကြမ်း**

**လေ့လာသူများအဖြစ်တာဝန်ပေးအပ်ခြင်း**

၉။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ တွင်ကျင်းပသော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၇)ဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တပ်မတော်သားကိုယ်စားလှယ်များဖြစ်ကြသော ဗိုလ်မှူးကြီးမောင်မောင်ဦးနှင့် ဒုတိယဗိုလ်မှူးကြီးသန့်ဇင်တို့ကို လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

**ကော်မတီဝင်များ**

၁၀။ လက်ရှိနိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးဇော်သိန်း | ဝါးခယ်မမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ပြုံးကေသီနိုင် | ကလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်ခင်နှင်းသစ် | ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးမျိုးဇော်အောင် | ကောလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးနိုင်ထူးအောင် | န္ဒွားထိုးကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဇာနည်မင်း | ရွှေကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးကံဦး | စလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာဒေါ်ရွှေပုံ | ပဲခူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစိုင်းဆိုင်မိုင်း | မိုင်းကိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဦးထွန်းဝင်း | ကျောက်တော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဒေါ်မိကွန်ချမ်း | ပေါင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဒေါ်နန်းမိုး | မန်တုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးစိုင်းဝေါင်းဆိုင်ဟိန်း | မောက်မယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်ဝင်းကိုကို | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာဦးမင်းသိန်း | ရေဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |

**မူကြမ်း**

| | | | |
|---|---|---|---|
| (တ) | ဦးအောင်ထူးမြင့် | အောင်လံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) | ဦးဖြိုးဇေယျာသော် (ခ) ဦးဇေယျာသော် | ဇမ္ဗူသီရိမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဒ) | ဦးဘိုဘိုဦး | စမ်းချောင်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

**လေ့လာသူများ**

| | | | |
|---|---|---|---|
| (က) | ကြည်း | -၂၇၄၃၉ | ဒုတိယဗိုလ်မှူးကြီး သန့်ဇင် |
| (ခ) | ရေ | -၃၆၃၀ | ဒုတိယဗိုလ်မှူးကြီး ကျော်ထွန်း |

၁၁။ ကော်မတီ၏ ရုံးလုပ်ငန်းများဆောင်ရွက်ရန် ဒုတိယညွှန်ကြားရေးမှူး (၁)ဦး၊ ဦးစီးအရာရှိ (၁)ဦး၊ ဒုတိယဦးစီးမှူး (၂)ဦး၊ အကြီးတန်းစာရေး (၃)ဦး၊ အငယ်တန်းစာရေး (၂)ဦး စုစုပေါင်း (၉)ဦး တို့ကို ကော်မတီရုံးအဖွဲ့အဖြစ် တာဝန်ပေးအပ်ထားပါသည်။

**ကော်မတီလုပ်ငန်းတာဝန်များ**

၁၂။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ သတ်မှတ်တာဝန်ပေးအပ် ထားသည့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံး သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက် ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူများကို စောင့်ထိန်းသည်။ အထက်ပါအချက်များကို ထိန်းညှိကူညီ ဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက် ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန် များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့် လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက် ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ် ၍ လွှတ်တော်ဥက္ကဋ္ဌမှ တဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၁၃။ ကော်မတီ၏ လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရပါသည် -

(က) ပြည်ထောင်စု၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများအား စိစစ်ဆောင်ရွက်ခြင်း၊

(ခ) ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်နှင့် အသစ်ပြဋ္ဌာန်းရန် စိစစ်ဆောင်ရွက်ခြင်းနှင့် အခြားလွှတ်တော်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကိုဖိတ်ကြား၍ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ချက်များကို ဆွေးနွေးမေးမြန်းမှုများပြုလုပ်ခြင်း၊

(ဃ) နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာပါလီမန်များမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာသံတမန်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခြင်း၊

(င) နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union (IPU)) ၏ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(စ) အာဆီယံပါလီမန်များညီလာခံဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter-Parliamentary Assembly (AIPA)) ၏ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(ဆ) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်း များနှင့် ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ အစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးခြင်း၊

(ဇ) နိုင်ငံတကာမှဖိတ်ကြားသည့် ချစ်ကြည်ရေးနှင့် လေ့လာရေး ခရီးစဉ်များကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် သွားရောက်လေ့လာခြင်း၊

**ကော်မတီ၏ ဥပဒေပြုရေးဆိုင်ရာဆောင်ရွက်ခြင်း**

၁၄။ နိုင်ငံတကာဆက်ဆံရေးကော်မတီသည် တည်ဆဲဥပဒေများအနက်မှ အသစ်ပြဋ္ဌာန်းရန်၊ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အစားထိုးရန်အတွက် ဥပဒေများကို တာဝန်ယူစိစစ်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာန၏ ဘဏ္ဍာရေးနှစ်အလိုက် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို ကော်မတီအစည်းအဝေးများ ကျင်းပ၍ စိစစ်ခဲ့ပါသည်။

၁၅။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စု လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပြည်ထောင်စုလွှတ်တော်သို့ တည်ဆဲဥပဒေ ၉၂၇ ခု အနက် ကျင့်သုံးဆဲဥပဒေ ၃၉၇ ခု အား မှတ်တမ်းတင်နိုင်ပါရန် တင်ပြခဲ့ရာ ၎င်းဥပဒေများအနက် နိုင်ငံတကာဆက်ဆံရေး ကော်မတီသည် အောက်ဖော်ပြပါ တည်ဆဲဥပဒေများကို စိစစ်ရန် ကော်မတီအစည်းအဝေးများ ခေါ်ယူဖိတ်ကြား၍ ဆောင်ရွက်ခဲ့ပါသည် -

(က) ကမ္ဘာ့ကုလသမဂ္ဂ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ)အက်ဥပဒေ (ဥပဒေအမှတ် ၄၁/၁၉၄၉ ခုနှစ်၊ အတွဲ-၁)

(ခ) သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာနှင့် အခကြေးငွေများ)အက်ဥပဒေ (ဥပဒေအမှတ် ၁၉/၁၉၄၅ ခုနှစ်၊ အတွဲ-၁၀)

(ဂ) ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုံများဥပဒေ (ဥပဒေအမှတ် ၃/၁၉၇၇ ခုနှစ်)

(ဃ) ၁၉၅၅ ခုနှစ်၊ ဂျပန်စစ်ပြေငြိမ်းချမ်းရေးစာချုပ်အက်ဥပဒေ (ဥပဒေအမှတ် ၃/၁၉၇၇ ခုနှစ်)

၁၆။ နိုင်ငံတကာဆက်ဆံရေးကော်မတီသည် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးခဲ့သော ရငွေသုံးငွေများ စိစစ်ပူးပေါင်းရေးအဖွဲ့(၃)တွင်ပါဝင်ခဲ့ပြီး တာဝန်ယူဆောင်ရွက်ရသော နိုင်ငံခြားရေးဝန်ကြီးဌာန၏ စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို စိစစ်ခဲ့ပါသည်။

၁၇။ ၂၀၁၆ ခုနှစ် ဩဂုတ်လ၌ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်း (ပြင်ဆင်ချက်)နှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)ပါ ရငွေသုံးငွေများကို စိစစ်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အစည်းအဝေးများပြုလုပ်၍ နိုင်ငံတကာရှိ မြန်မာနိုင်ငံသံရုံးအသစ် ဆောက်လုပ်မှုများ၊ ပြင်ဆင်စရိတ်များ၊ ငွေလုံးငွေရင်းနှင့် အခြားအသုံးစရိတ်များကို စိစစ်ဆွေးနွေးခဲ့ပါသည်။

၁၈။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်သက်ဆိုင်သော ဘဏ္ဍာငွေသုံးစွဲရေးလျာထားမှုကို စိစစ်ခဲ့ပါသည်။ ထို့သို့ဆောင်ရွက်ရာတွင်မြန်မာနိုင်ငံနှင့် ထိုင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံများအကြား နယ်နိမိတ်မှတ်တိုင်စိုက်ထူရေးလုပ်ငန်းများအပါအဝင် ငွေလုံးငွေရင်း အသုံးစရိတ်နှင့် သာမန်ရငွေအသုံးစရိတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအား ဖိတ်ကြား၍ ဆွေးနွေး စိစစ်ဆောင်ရွက်ခဲ့ပါသည်။

၁၉။ ၂၀၁၆ ခုနှစ်တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၌ ကျင်းပပြုလုပ်သည့် မြန်မာ့ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေကြမ်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့် တရားခံ

လွှဲပြောင်းရေးဥပဒေကြမ်းတို့နှင့်ပတ်သက်သော အစည်းအဝေးများသို့လည်း တက်ရောက်ဆွေးနွေးခဲ့ပါသည်။

**အာဆီယံပါလီမန်များညီလာခံဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter-Parliamentary Assembly) တွင်ပါဝင်ဆောင်ရွက်ခြင်း**

၂၀။ ပြည်ထောင်စုလွှတ်တော်သည် အာဆီယံဒေသတွင်း လွှတ်တော်များ နှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၇ (ခ) နှင့်အညီ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့် အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter-Parliamentary Assembly) ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ ပြည်ထောင်စုလွှတ်တော်ရုံးအမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၆)ဖြင့် ပြည်သူ့ လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဝင် (၇)ဦးကို တာဝန်ပေးအပ်ခဲ့ပါသည်။

၂၁။ ထို့နောက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ရက်နေ့ တွင် ပြည်ထောင်စုလွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၆)ဖြင့် အာဆီယံပါလီမန်များညီလာခံဆိုင်ရာပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင် (သုံးခွမဲဆန္ဒနယ်) အစား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်း (ဝါးခယ်မမဲဆန္ဒနယ်)အား ပြောင်းလဲတာဝန်ပေးအပ်ခဲ့ပါသည်။

၂၂။ ယခုလက်ရှိ အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီတွင် နိုင်ငံတကာ ဆက်ဆံရေးကော်မတီမှ အောက်ဖော်ပြပါ ကော်မတီဝင်များသည် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးဇော်သိန်း | ဝါးခယ်မမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ပြုံးကေသီနိုင် | ကလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးနိုင်ထူးအောင် | န္ဒွားထိုးကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးဇာနည်မင်း | ရွှေကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးကံဦး | စလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းဆိုင်မိုင်း | မိုင်းကိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |

**မူကြမ်း**

(ဆ) ဒေါ်မိကွန်ချမ်း ပေါင်မဲဆန္ဒနယ် အဖွဲ့ဝင်

၂၃။ ကော်မတီဝင်များသည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှ အောက်တိုဘာလ ၃ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော (၃၇)ကြိမ်မြောက် အာဆီယံပါလီမန် များ အထွေထွေညီလာခံ (37th General Assembly ASEAN Inter-Parliamentary Assembly) ၏ လုပ်ငန်းကော်မတီများဖြစ်သောနိုင်ငံရေးရာ ကော်မတီ (Committee on Political Matters)၊ စီးပွားရေးရာကော်မတီ (Committee on Economic Matters)၊ လူမှုရေးရာကော်မတီ (Committee on Social Matters)၊ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ ရေးရာကော်မတီ (Committee on Women Parliamentarians of AIPA)၊ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကော်မတီ (Committee on Organizational Matters) နှင့် ပူးတွဲကြေညာချက်ကော်မတီ (Committee on Joint Communique) အစည်းအဝေးများတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

**နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union (IPU)) တွင် ပါဝင်ဆောင်ရွက်ခြင်း**

၂၄။ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၆) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇ (ခ) နှင့်အညီ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့် နိုင်ငံတကာပါလီမန်အဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union (IPU)) တွင် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီမှ အောက်ဖော်ပြပါ ကော်မတီဝင်(၈)ဦးတို့ ပါဝင်ဖွဲ့စည်းခဲ့သည်။

(က) ဦးဇော်သိန်း ဝါးခယ်မမဲဆန္ဒနယ် အဖွဲ့ဝင်

(ခ) ဒေါ်ခင်နှင်းသစ် ပန်းတောင်းမဲဆန္ဒနယ် အဖွဲ့ဝင်

(ဂ) ဦးမျိုးဇော်အောင် ကောလင်းမဲဆန္ဒနယ် အဖွဲ့ဝင်

(ဃ) ဦးဦးထွန်းဝင်း ကျောက်တော်မဲဆန္ဒနယ် အဖွဲ့ဝင်

(င) ဒေါ်နန်းမိုး မန်တုံမဲဆန္ဒနယ် အဖွဲ့ဝင်

(စ) ဦးစိုင်းငေါင်းဆိုင်ဟိန်း မောက်မယ်မဲဆန္ဒနယ် အဖွဲ့ဝင်

**မူကြမ်း**

(ဆ) ဗိုလ်မှူးကြီးမောင်မောင်ဦး တပ်မတော်သား အဖွဲ့ဝင်

(ဇ) ဦးဘိုဘိုဦး စမ်းချောင်းမဲဆန္ဒနယ် အတွင်းရေးမှူး

၂၅။ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union (IPU)) နှင့်ပတ်သက်သော ပုံမှန်လုပ်ငန်းညှိနှိုင်း အစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

**နိုင်ငံတကာအစည်းအဝေးများနှင့် လေ့လာရေးခရီးစဉ်များသွားရောက်ခြင်း**

၂၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်းသည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့ မှ ၇ ရက်နေ့အထိ စကော်ပူနိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့ပြီး စင်္ကာပူလွှတ်တော်၏ လုပ်ငန်းဆောင်ရွက်ချက်များကော်မတီများ၏ လုပ်ငန်းတာဝန်များကိုလေ့လာခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ လာအိုနိုင်ငံတွင် ကျင်းပပြုလုပ်သော (8th ASEAN Inter-Parliamentary Assembly Caucus) အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။ ကော်မတီ ဥက္ကဋ္ဌသည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှ ၆ ရက်နေ့အထိ လာအိုနိုင်ငံတွင် ကျင်းပပြုလုပ်သော 28th ASEAN AIPA Summit; ASEAN- AIPA Interface အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

၂၇။ ဂျပန်နိုင်ငံ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီ မှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၄)ဦးတို့သည် ၂၀၁၆ ခုနှစ်၊ မေလ ၉ရက်နေ့မှ ၁၅ရက်နေ့အထိ ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် အောင်ဆန်းကျောင်းစီမံကိန်းနှင့် 2016 Symposium ကိစ္စနှင့် ပတ်သက်သည့်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ ထို့သို့သွားရောက်စဉ် နိုင်ငံတကာဆက်ဆံရေးကော်မတီကိုယ်စားလှယ်အဖွဲ့သည် ဂျပန်အောက်လွှတ်တော်နှင့် အထက်လွှတ်တော်မှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး ဂျပန်နိုင်ငံတွင်ရောက်ရှိနေကြသော မြန်မာနိုင်ငံသား အလုပ်သမားများအား ဗီဇာသက်တမ်း တိုးမြှင့်ပေးရန်ကိစ္စနှင့် မြန်မာလုပ်သားများကို အလုပ်သင် အလုပ်သမားအဆင့်မှ အခြေခံလုပ်သားအဆင့်သို့ တိုးမြှင့်ပေးနိုင်ရန်အချက်များကို ဆွေးနွေးခဲ့ရာ ဂျပန်လွှတ်တော် ကိုယ်စားလှယ်များဘက်မှလည်း သဘောတူခဲ့ကြောင်း၊ ထိုလုပ်ငန်းများကိုလည်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**မူကြမ်း**

၂၈။ အထက်ပါ ခရီးစဉ်များအပြင် နိုင်ငံတကာဆက်ဆံရေးကော်မတီမှ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် နိုင်ငံတကာအစည်းအဝေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးစဉ်များကို **"နောက်ဆက်တွဲ(က)"**ပါအတိုင်း သွားရောက်ခဲ့ပါသည်။ မိမိတို့ သွားရောက်ခဲ့သည့် ခရီးစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့သည်များ၊ အတွေ့အကြုံများကို ကဏ္ဍအလိုက် ကော်မတီဝင်များအား ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

**ကော်မတီအစည်းအဝေးများကျင်းပခြင်း**

၂၉။ နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ၊ ဘဏ္ဍာရေးနှစ်အလိုက် အရအသုံးခန့်မှန်းငွေစာရင်းနှင့် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို စိစစ်သည့် လုပ်ငန်းအစည်းအဝေးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲများကို ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ အောက်ပါအတိုင်း ကျင်းပပြုလုပ်ခဲ့ပါသည် -

| **စဉ်** | **ပုံမှန်အစည်းအဝေး** | | **အစည်းအဝေးအမည်** | | **အရေအတွက်** |
|---|---|---|---|---|---|
| (က) | ပထမပုံမှန် | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ | - | ၅ |
| (ခ) | ဒုတိယပုံမှန် | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ | - | ၄ |
| | | - | ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေ ငွေစာရင်း ပြင်ဆင်ချက်နှင့် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) များကိုစိစစ်သည့်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး၊ | - | ၃ |
| | | - | နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးပွဲ။ | - | ၁ |
| (ဂ) | တတိယပုံမှန် | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ | - | ၂ |

| | | | | | |
|---|---|---|---|---|---|
| | | - | နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များ နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ။ | - | ၁ |
| (ဃ) | စတုတ္ထပုံမှန် | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ | - | ၂ |
| | | - | ၂၀၁၇-၂၀၁၈ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများကို စိစစ်သည့်လုပ်ငန်းညှိနှိုင်း အစည်းအဝေး၊ | - | ၃ |
| | | | **စုစုပေါင်း** | | **၂၀** |

**ကော်မတီဝင်များ၏မေးခွန်းနှင့် အဆိုတင်သွင်းမေးမြန်းမှုများ**

၃၀။ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စများလည်းကောင်း၊ နိုင်ငံတော်နှင့် မိမိမဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မေးခွန်း/အဆို တင်သွင်းမှုများ ပြုလုပ်ခဲ့ပါသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြ မေးခွန်း (၃၀) ကြိမ်၊ အဆို (၁)ကြိမ် နှင့် အဆိုဆွေးနွေးမှု (၃၉)ကြိမ် တို့ကို ပြုလုပ်ခဲ့ပါသည်။

**နိုင်ငံခြားဧည့်သည်များအား လက်ခံတွေ့ဆုံခြင်း**

၃၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် နိုင်ငံတကာသံတမန်များနှင့် အဖွဲ့အစည်းများအား လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်အချင်းချင်းပူးပေါင်း ဆောင်ရွက်ရေးကိစ္စများ လွှတ်တော်များပေါ်ပေါက်လာမှုသမိုင်းကြောင်း၊ လွှတ်တော်များဖွဲ့စည်းပုံ၊ လွှတ်တော်က ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ဆဲဥပဒေကြမ်းများ၊ လွှတ်တော်အရည်အသွေးမြှင့်တင်ရေး အစီအစဉ်ကို ကူညီပံ့ပိုးပေးရေးကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေးအပါအဝင် အခြားကိစ္စရပ်များ ပါဝင်ပါသည်။ တွေ့ဆုံခဲ့သည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**မူကြမ်း**

| စဉ် | ခုနှစ် | အစိုးရ အဖွဲ့ဝင်များ | UN အဖွဲ့ အစည်းများ | EUအဖွဲ့ အစည်းများ | သံရုံးများ | အခြားအဖွဲ့ အစည်းများ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁။ | ၂၀၁၆ | ၂ | ၃ | ၄ | ၁၉ | ၁၃ | **၄၁** |
| ၂။ | ၂၀၁၇ ခုနှစ် မတ်လ ၁၇ ရက်နေ့ အထိ | - | - | ၁ | ၆ | ၂ | **၉** |
| | **စုစုပေါင်း** | **၂** | **၃** | **၅** | **၂၅** | **၁၅** | **၅၀** |

**နိုင်ငံခြားရေးဝန်ကြီးဌာနကို ဖိတ်ကြား၍ ဆွေးနွေးမေးမြန်းမှုများပြုလုပ်ခြင်း**

၃၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သိရှိနိုင်ရန် ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြားပြီး ဆွေးနွေးပွဲများပြုလုပ်ခဲ့ပါသည်။ ထိုသို့ပြုလုပ်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ဖွဲ့စည်းပုံ၊ ဌာနများ၏ တာဝန်ယူဆောင်ရွက်နေရသော လုပ်ငန်းများအကြောင်း၊ ပြည်တွင်းတွင် နိုင်ငံခြားရေးဝန်ကြီးရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်ပရှိ မြန်မာနိုင်ငံသံရုံး များနှင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ၏အကျိုးကို ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်မှုများကို တာဝန်ရှိပုဂ္ဂိုလ်များမှ ရှင်းလင်းပြောကြားခဲ့ပြီး ကော်မတီဝင်များအနေဖြင့်လည်း မေးမြန်းမှုများပြုလုပ်ခဲ့ပါသည်။

**သုံးသပ်အကြံပြုချက်**

၃၃။ ကော်မတီအနေဖြင့် ပထမပုံမှန်အစည်းအဝေးကာလမှ စတုတ္ထပုံမှန်အစည်းအဝေး ကာလပြီးဆုံးသည်အထိ အားသာချက် အားနည်းချက်များပေါ်မူတည်၍ အောက်ပါအတိုင်းအကြံပြုတင်ပြအပ်ပါသည် -

(က) လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတကာအတွေ့အကြုံများ ပိုမိုရရှိ စေရန် အတွက် ဒေသဆိုင်ရာ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ လွှတ်တော်များ၊ အဖွဲ့အစည်း များနှင့် ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သင့် ပါသည်။

(ခ) ဥပဒေများ၊ နည်းဥပဒေများ၊ နိုင်ငံတကာ စာချုပ်စာတမ်းဆိုင်ရာကိစ္စရပ်များကို လွှတ်တော်သို့တင်သွင်းသောအခါ နိုင်ငံတကာဆက်ဆံရေးရှုထောင့်အမြင်ဖြင့် လုံလောက်စွာ ကြိုတင်လေ့လာသုံးသပ်နိုင်ရန်အတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ များကို နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ ဆောလျင်စွာ အသိပေး ဖြန့်ဝေသင့် ပါသည်။

**နိဂုံး**

၃၄။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသည် ကျယ်ပြန့်လှသော နိုင်ငံတကာ ဆက်ဆံရေးတာဝန်များကို ထမ်းဆောင်ရာတွင် ကော်မတီဝင်များနှင့် ကော်မတီဝန်ထမ်းများ၏ စိတ်ပါဝင်စားစွာ ကြိုးစားအားထုတ်မှုများကြောင့် ကော်မတီ၏ လုပ်ငန်းများအဆင်ပြေစွာ လည်ပတ် လျက်ရှိပြီး ပြည်သူ့လွှတ်တော်မှ ပေးအပ်သည့်တာဝန်ဝတ္တရားများကို ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီအနေဖြင့် ကျေပွန်စွာထမ်းဆောင်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များ၏ ပြည်ပနိုင်ငံများသို့သွားရောက်မှုစာရင်း**

| စဉ် | ကိုယ်စားလှယ် အမည် | သွားရောက် သည့်နိုင်ငံ | အကြောင်းအရာ | သွားရောက် သည့်ကာလ |
|---|---|---|---|---|
| ၁။ | ဦးဇော်သိန်း | စင်္ကာပူ | လေ့လာရေးခရီးစဉ် | ၄-၈-၂၀၁၆ မှ ၇-၈-၂၀၁၆ ထိ |
| | | လာအို | 8th AIPA Caucus | ၉-၈-၂၀၁၆ မှ ၁၁-၈-၂၀၁၆ထိ |
| | | လာအို | 28th ASEAN –AIPA Summit; ASEAN-AIPA Interface | ၅-၉-၂၀၁၆ မှ ၆-၉-၂၀၁၆ ထိ |
| ၂။ | ဒေါ်ပြုံးကေသီနိုင် | ဂျပန် | G7 ကမ္ဘာလုံးဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များ ညီလာခံ | ၂၆-၄-၂၀၁၆ မှ ၂၇-၄-၂၀၁၆ ထိ |

**မှူကြမ်း**

| စဉ် | ကိုယ်စားလှယ် အမည် | သွားရောက် သည့်နိုင်ငံ | အကြောင်းအရာ | သွားရောက် သည့်ကာလ |
|---|---|---|---|---|
| | | အမေရိကန် | Federalism and U.S Governmental System ခေါင်းစဉ်ဖြင့် ကျင်းပ ပြုလုပ် မည့် International Visitor Leadership Program | ၁-၅-၂၀၁၇ မှ ၁၂-၅-၂၀၁၇ ထိ |
| ၃။ | ဦးမျိုးဇော်အောင် | ဂျပန် | အောင်ဆန်းကျောင်း စီမံကိန်း နှင့် 2016 Symposium ကိစ္စ နှင့် ပတ်သက်သည့် ဆွေးနွေးပွဲ | ၉-၅-၂၀၁၆ မှ ၁၅-၅-၂၀၁၆ထိ |
| ၄။ | ဦးနိုင်ထူးအောင် | အီတလီ | အလုပ်ရုံဆွေးနွေးပွဲ | ၁၀-၁၀-၂၀၁၆မှ ၂၀-၁၀-၂၀၁၆ထိ |
| | | အင်ဒိုနီးရှား | AIPA Communication Master Plan and Corporate Design အလုပ်ရုံဆွေးနွေးပွဲ | ၂၁-၁၁-၂၀၁၆ မှ ၂၄-၁၁-၂၀၁၆ထိ |
| | | လာအို | AIPA Communication Master Plan and Corporate Design အလုပ်ရုံဆွေးနွေးပွဲ | ၃-၄-၂၀၁၇ မှ ၆-၄-၂၀၁၇ ထိ |
| ၅။ | ဦးဇာနည်မင်း | ကမ္ဘောဒီးယား | အာဆီယံဒေသတွင်း ပညာရေးပြုပြင် ပြောင်းလဲမှုကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဒေသဆိုင်ရာဆွေးနွေးပွဲ | ၁၀-၂-၂၀၁၇ မှ ၁၀-၂-၂၀၁၇ ထိ |
| ၆။ | ဒေါက်တာ ဒေါ်ရွှေပုံ | ဗြိတိန် | ချစ်ကြည်ရေးခရီး | ၁၆-၁-၂၀၁၇ မှ ၂၅-၁-၂၀၁၇ ထိ |
| ၇။ | ဦးဦးထွန်းဝင်း | ဘယ်လ်ဂျီယံ | ဥရောပပါလီမန်လေ့လာရေးခရီး | ၅-၁၂-၂၀၁၆ မှ ၉-၁၂-၂၀၁၆ထိ |
| ၈။ | ဒေါ်မိကွန်ချမ်း | ဂျပန် | အောင်ဆန်းကျောင်း စီမံကိန်း နှင့် 2016 Symposium ကိစ္စ နှင့် ပတ်သက်သည့် ဆွေးနွေးပွဲ | ၉-၅-၂၀၁၆ မှ ၁၅-၅-၂၀၁၆ထိ |
| | | နီပေါ | လေ့လာရေးခရီး | ၂၄-၃-၂၀၁၇မှ ၄-၄-၂၀၁၇ထိ |
| ၉။ | ဦးစိုင်းဝေါင်း ဆိုင်ဟိန်း | ဂျပန် | အောင်ဆန်းကျောင်း စီမံကိန်း နှင့် 2016 Symposium ကိစ္စ နှင့် ပတ်သက်သည့် ဆွေးနွေးပွဲ | ၉-၅-၂၀၁၆ မှ ၁၅-၅-၂၀၁၆ထိ |

**မူကြမ်း**

| စဉ် | ကိုယ်စားလှယ်အမည် | သွားရောက်သည့်နိုင်ငံ | အကြောင်းအရာ | သွားရောက်သည့်ကာလ |
|---|---|---|---|---|
| ၁၀။ | ဦးဖြိုးဇေယျာသော် | ဂျာမနီ | လေ့လာရေး | ၂၄-၄-၂၀၁၇မှ ၂၈-၄-၂၀၁၇ထိ |
| ၁၁။ | ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ဦး | ဂျပန် | အောင်ဆန်းကျောင်း စီမံကိန်း နှင့် 2016 Symposium ကိစ္စ နှင့်ပတ်သက် သည့် ဆွေးနွေးပွဲ | ၉-၅-၂၀၁၆ မှ ၁၅-၅-၂၀၁၆ထိ |
| ၁၂။ | ဦးဘိုဘိုဦး | ဂျပန် | အောင်ဆန်းကျောင်း စီမံကိန်း နှင့် 2016 Symposium ကိစ္စ နှင့် ပတ်သက်သည့် ဆွေးနွေးပွဲ | ၉-၅-၂၀၁၆ မှ ၁၅-၅-၂၀၁၆ထိ |

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတာဆက်ဆံရေးကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၆-၆-၂၀၁၇ ရက်နေ့ (အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

## ဒေါက်တာစံရွှေဝင်း၊ ရေကြည်မဲဆန္ဒနယ်က လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များ(Universal Health Coverage)ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဆင်းရဲနွမ်းပါးသူများအပါအဝင် နိုင်ငံသားတိုင်းထိရောက်သည့် ကျန်းမာရေးဝန်ဆောင်မှုများ အချိန်မီရရှိစေရေး၊ ယင်းကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ရန်ပုံငွေများ လုံလောက်စွာရရှိနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံပူးပေါင်းပါဝင်ဆောင်ရွက်သည့် အမျိုးသားကျန်းမာရေးအာမခံစနစ်(National Health Insurance System) တည်ထောင်ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်းမှ အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာစံရွှေဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များ(Universal Health Coverage) ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဆင်းရဲနွမ်းပါးသူများအပါအဝင် နိုင်ငံသားတိုင်း ထိရောက်သည့်ကျန်းမာရေးဝန်ဆောင်မှုများ အချိန်မီရရှိရေး၊ ယင်းကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ်သည့်ရန်ပုံငွေများ လုံလောက်စွာရရှိရေးအတွက် ကဏ္ဍပေါင်းစုံပူးပေါင်းပါဝင်ဆောင်ရွက်ရမယ့် အမျိုးသားကျန်းမာရေးအာမခံစနစ်တစ်ခုတည်ထောင်သွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးစအချိန်ကနေ ယနေ့အထိ Free Medical Care လို့ခေါ်တဲ့ အခမဲ့ကျန်းမာရေးစနစ်ကို ကျင့်သုံးဆောင်ရွက်နေတာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးစအချိန်ပိုင်းတွေမှာ ကျွန်တော်တို့ရဲ့လူဦးရေ၊ ကျွန်တော်တို့ရဲ့ငွေတန်ဖိုးနဲ့ ကျန်းမာရေးဘက်ဆိုင်ရာနည်းစနစ်တွေ အများအပြားဖွံ့ဖြိုးတာမရှိသေးတဲ့အတွက် အခက်အခဲပြဿနာတွေ အများအပြားမရှိခဲ့ပါဘူး။ သို့သော်လည်းပဲ တစ်နေ့ထက်တစ်နေ့ ပြောင်းလဲလာတဲ့ လူမှုစီးပွားရေးအခြေအနေ၊ ပြောင်းလဲလာတဲ့ရောဂါဖြစ်စဉ်များ၊ တိုးတက်လာတဲ့လူဦးရေ၊ ဖွံ့ဖြိုးလာတဲ့ ကျန်းမာရေးစောင့်ရှောက်မှုနည်းစနစ်များကြောင့် ကျန်းမာရေးနဲ့ပတ်သက်တဲ့ကုန်ကျစရိတ်များဟာ ပိုမိုများပြားလာခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုပိုမိုများပြားလာတဲ့ကျန်းမာရေးကုန်ကျစရိတ်များကို နိုင်ငံတော်အနေနဲ့ Free Medical Care လို့ခေါ်တဲ့ အခမဲ့ကျန်းမာရေးစနစ်ကို ကျင့်သုံးပေမဲ့လို့ လုံလုံလောက်လောက်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းမရှိတဲ့အတွက် အိတ်စိုက်ကုန်ကျစရိတ်လို့ခေါ်တဲ့ Out of Pocket Expenditure နဲ့ ကုသနေရတာဖြစ်တဲ့အတွက် မကျန်းမာတဲ့လူတစ်ယောက်အနေနဲ့ အနည်းဆုံး ၈၀ ရာခိုင်နှုန်းလောက်ကို မိမိရဲ့အိတ်ထဲကနေ စိုက်ထုတ်သုံးစွဲလာရတဲ့အခြေအနေကို အားလုံးပဲအသိဖြစ်ပါတယ်။ ဒီလိုစိုက်ထုတ်သုံးစွဲရတာဖြစ်တဲ့အတွက် ချို့တဲ့သူများအနေနဲ့ ဆေးဝါးကုသမှုများကို ပြည့်ပြည့်စုံစုံမရရှိခြင်းနှင့် မိမိရှိတဲ့ပစ္စည်းဥစ္စာလေးကို ရောင်းချပြီးတော့ ဆေးဝါးကုသရတဲ့အတွက် ဆင်းရဲတွင်းနက်သည်ထက်နက်ခဲ့ရတဲ့အဖြစ်တွေလည်း ဒီမှာ အများကြီး ကြုံတွေ့လာကြရတာဖြစ်ပါတယ်။ ဒီလိုဖြစ်စဉ်တွေအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း စရိတ်မျှပေးကျန်းမာ

ရေး၊ ဆေးဝါးလှည့်ပတ်ရန်ပုံငွေ၊ ချို့တဲ့သူများအတွက် ကုသရေးရန်ပုံငွေများ စတဲ့ စနစ်မျိုးစုံနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေမဲ့လို့ ထိထိရောက်ရောက်အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဘဲ ယနေ့အချိန်ထိ ကျွန်တော်တို့ အခမဲ့ဆေးဝါးကုသမှုစနစ်နဲ့ သွားနေပါတယ်။ သို့သော်လည်း အခု ပြောင်းလဲလာတဲ့အခြေအနေမှာ နိုင်ငံတော်ရန်ပုံငွေကို တိုးမြှင့်လာတဲ့အတွက် အခက်အခဲ ပြဿနာများ တော်တော်လေးနည်းပါးလာတာကို တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဒီ Free Medical Care ကို ရှေးနှစ်ပေါင်းများစွာ သုံးစွဲနိုင်/မသုံးစွဲနိုင် စဉ်းစားကြရမှာဖြစ်ပါတယ်။ ဖွံ့ဖြိုး ချမ်းသာတဲ့ ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံတွေမှာတောင်မှပဲ နိုင်ငံတော်ဘတ်ဂျက်နဲ့ကုန်ကျစရိတ်တွေကို အကုန်လုံး မခံနိုင်ဘဲနဲ့ အပြည့်အဝဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲနဲ့ ကျန်းမာရေးအာမခံစနစ်ကို မိမိ တိုင်းပြည်ရဲ့လိုအပ်ချက်နဲ့အညီ မိမိတိုင်းပြည်နဲ့ လိုက်လျောညီထွေဖြစ်မယ့်ပုံစံအမျိုးမျိုးနဲ့ ဖြည့်တင်း ဆောင်ရွက်နေကြရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် ကျွန်တော်တို့ဖြည့်တင်းဆောင်ရွက်လာတယ်။ တိုးမြှင့်ဆောင်ရွက်လာသည့်တိုင်အောင် ကျွန်တော်တို့ရဲ့အိမ်နီးချင်းနိုင်ငံများ၊ အခြားနိုင်ငံများနဲ့စာရင် ကျွန်တော်တို့ရဲ့ ရန်ပုံငွေသုံးစွဲမှုဟာ အလွန့်အလွန်နည်းပါးနေသေးတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ တွက်ချက်မှုအရ အနည်းဆုံးအခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ ပြီးပြည့်စုံအောင်လုပ်ဖို့အတွက် လူတစ်ဦးကို ဒေါ်လာ ၆၀ လောက်လိုတယ်လို့ သူတို့ပြောပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ဆိုရင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ အားလုံး အတွက်ကိုပဲ တစ်နှစ်ကို သုံးဘီလီယံလောက် US Dollar အနေနဲ့သုံးရမှာဖြစ်ပါတယ်။ ဒီ သုံးဘီလီယံဟာ အခု ကျွန်တော်တို့သိနေတဲ့ MRI တို့၊ Tscan တို့၊ ဦးနှောက်ခွဲတာတို့ ဒီလိုကိစ္စမျိုးတွေ မပါဘဲနဲ့ အခြေခံကျကျဆောင်ရွက်ရတဲ့ကိစ္စတွေအတွက်ပဲ ကျွန်တော်တို့ကုန်တာဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနရဲ့ဘတ်ဂျက်က တစ်ဘီလီယံအောက်မှာပဲရှိပါ တယ်။ ဒါဟာဆိုရင် ဌာနပေါင်းစုံနဲ့ဝန်ကြီးဌာနရဲ့ဌာနခွဲတွေအားလုံးပူးပေါင်းရတာဖြစ်ပြီးတော့ ကုသ ရေးလုပ်ငန်း၊ အခြေခံကျန်းမာရေးလုပ်ငန်းများအတွက် သုံးစွဲရတဲ့လုပ်ငန်းဟာ အလွန်ပဲနည်းပြီးတော့၊ အထူးသဖြင့်ကတော့ ကျွန်တော်တို့ ကုသရေးဆိုင်ရာလုပ်ငန်းများအတွက် အများအပြားသုံးစွဲ နေရတာဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကနေဦးဆောင်ပြီးတော့ ၁၉၇၇ ခုနှစ်မှာ လူတိုင်းကျန်းမာ သက္ကရာဇ် ၂၀၀၀ မှာလို့ မြန်မာပြန်ထားတဲ့ Health for all by the Year 2000 ကို အကောင်အထည်ဖော်ခဲ့ပါတယ်။ သို့သော်လည်း ဒီလုပ်ငန်းစဉ်ကို အကောင်အထည်

ဖော်တဲ့အခါမှာလည်း ကျန်းမာရေးရန်ပုံငွေရရှိမှု၊ ရန်ပုံငွေသုံးစွဲမှုတွေကို စနစ်တကျ ကိုင်တွယ် ဆောင်ရွက်ခြင်းမရှိတဲ့အတွက် မျှော်မှန်းသလောက် ကျွန်တော်တို့ အောင်မြင်မှုမရရှိခဲ့ပါဘူး။ ယနေ့ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့ အမျိုးသားကျန်းမာရေး စီမံကိန်း (၂၀၁၇-၂၀၂၁)ကို စတင်အကောင်အထည်ဖော်ပြီးတော့ လူတိုင်းလက်လှမ်းမီတဲ့ကျန်းမာရေး စနစ်ကို အကောင်အထည်ဖော်ဖို့ ကြိုးပမ်းဆောင်ရွက်နေတဲ့အချိန်ဖြစ်ပါတယ်။ ဒီလို ကြိုးပမ်း ဆောင်ရွက်ခြင်းအားဖြင့်ကလည်း ကျွန်တော်တို့နိုင်ငံရဲ့ တခြားနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက် တဲ့ Sustainable Development Goals လို့ခေါ်တဲ့ အရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် များရဲ့ အမှတ်စဉ်(၃)မှာပါတဲ့ ကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ဒီလို ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ ကျန်းမာရေးရန်ပုံငွေရရှိမှုဟာ အတားအဆီးအခက်အခဲတစ်ခုဖြစ်နေဆဲဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေနဲ့ ဆူကြုံနိမ့်မြင့်မခွဲခြားဘဲ လူတိုင်းကျန်းမာရေးစောင့်ရှောက်မှု ခံယူခွင့်ရရှိနိုင်ခွင့်ရှိရမည်ဖြစ်ပြီး။ ယင်းသို့စောင့်ရှောက်မှုခံယူရခြင်းအတွက် ငွေကြေးအခက်အခဲနှင့် ဆင်းရဲမွဲတေမှုများ မဖြစ်သင့်ကြောင်း ကမ္ဘာလုံးဆိုင်ရာစည်းဝေးပွဲကြီးမှာ ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး လည်းဖြစ်ပါတယ်။

ဒီလိုဖြစ်ဖို့အတွက် နိုင်ငံတော်ရဲ့ကျန်းမာရေးအသုံးစရိတ်နဲ့အတူ နိုင်ငံသူနိုင်ငံသားများရဲ့ ထည့်ဝင် ငွေများကိုလည်း အသုံးချမှသာဖြစ်မှာဖြစ်ပါတယ်။ ဒီလို အသုံးချတဲ့အခါမှာလည်း လူတိုင်းလူတိုင်းက တစ်ယောက်ကို တစ်ကျပ်ထည့်ဖို့ကိစ္စမျိုးမဟုတ်ဘူး။ တစ်ယောက်ကို တစ်ရာထည့်ဖို့ ကိစ္စမျိုးမဟုတ် ဘဲနဲ့ တတ်နိုင်တဲ့လူများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်တဲ့လူများအတွက် ပုံမှန်ကောက်ခံကျခံပြီးတော့ မပြည့်စုံတဲ့သူများ၊ ချို့တဲ့တဲ့သူများအတွက် ကျွန်တော်တို့ အကာအကွယ်ပေးဖို့ လုပ်ငန်းစဉ်တစ်ခုကို တည်ထောင်ဆောင်ရွက်ရတော့မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ကျန်းမာရေးအသုံးစရိတ်ငွေကိုလည်း ရနိုင်သမျှတိုးမြှင့်အောင်ဆောင်ရွက်ပြီးတော့ တစ်ဦးချင်းထည့်ဝင်ငွေပမာဏ များပြားမှုမရှိဘဲနဲ့ ပြည်သူများရဲ့ပုံမှန်ကြိုတင်ထည့်ဝင်စုဆောင်းငွေများကို အသုံးပြုပြီးတော့ ဆောင်ရွက်ရမယ့် အမျိုးသား ကျန်းမာရေးအာမခံစနစ်တစ်ခုကို တည်ထောင်ဖို့အတွက် လိုအပ်နေတဲ့အချိန်လည်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ အဆင့်ဆင့်ဆောင်ရွက်ကြရမှာဖြစ်ပြီးတော့ အထူးသဖြင့်ကတော့ ပြည်သူ များကို နားလည်သဘောပေါက်အောင် ပညာပေးလုပ်ငန်းစဉ်များကို အချိန်ယူ ဆောင်ရွက်ရမှာဖြစ်ပါ တယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်းပဲ အမျိုးသားကျန်းမာရေးအာမခံစနစ်အနေနဲ့ အမျိုးသား

ကျန်းမာရေးအာမခံစနစ်(National Health Insurance) ပြည်သူလူထုအခြေပြု ကျန်းမာရေး အာမခံစနစ်(Community Health Insurance) လူမှုဖူလုံရေးကျန်းမာရေးအာမခံစနစ် (Social Health Insurance) သို့မဟုတ် (Social Security) နှင့် ပုဂ္ဂလိကကျန်းမာရေးအာမခံစနစ်(Private Health Insurance) စသည့်လုပ်ငန်းစဉ်တွေအများအပြားရှိပါတယ်။ ဒီလုပ်ငန်းစဉ်များကို ပေါင်းပြီး တော့သော်လည်းကောင်း၊ တစ်ခုချင်းသော်လည်းကောင်း၊ ညှိနှိုင်းပြီးတော့လည်းကောင်း ဆောင်ရွက် လို့လည်း ကျွန်တော်တို့ရနိုင်တာဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့အခါမှာ လက်ရှိ ကျွန်တော်တို့ ဆောင်ရွက်နေ တဲ့ အချို့အချို့သော ပုဂ္ဂလိကကုမ္ပဏီများရဲ့ Health Insurance System မှာ ကျွန်တော်တို့ ပြည်သူများအတွက် အကျိုးမရှိဘဲနဲ့ မိမိတို့အတွက်အကျိုးစီးပွားတစ်ခုတည်းကိုသာကြည့်ပြီး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဒီလုပ်ငန်းစဉ်နဲ့ အခု ကျွန်တော်အခု တင်ပြတဲ့လုပ်ငန်းစဉ်ဟာ ကွဲပြားခြားနားမှုရှိပါတယ်။ ကျွန်တော်အခုတင်ပြတဲ့လုပ်ငန်းစဉ်ကတော့ ကျွန်တော်တို့ တစ်နိုင်ငံ လုံးမှာရှိတဲ့လူတိုင်းအတွက် တတ်နိုင်သမျှ အိတ်စိုက်ကုသမှုတွေနည်းပါးပြီးတော့ နိုင်ငံတော်ရဲ့စနစ်ကို စနစ်တကျတည်ထောင်ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ဖို့လည်းပဲ ကျွန်တော်တို့ အမျိုးသားကျန်းမာရေးအာမခံဥပဒေနဲ့ အထောက်အပံ့အကူအညီပေးဖို့ကိစ္စကို တစ်ပါတည်းပြုစု ဆောင်ရွက်ရမှာဖြစ်တဲ့အကြောင်းလည်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံကျတဲ့ကျန်းမာရေးလိုအပ်ချက်အတွက်ကိုတောင် ရန်ပုံငွေ လုံလောက်မှုမရှိသေးတဲ့အတွက် ပြည်သူများရဲ့ကျန်းမာရေးအဆင့်မြင့်မားတိုးတက်ဖို့အတွက် ရန်ပုံငွေ ပိုမိုလုံလောက်စွာရရှိသုံးစွဲနိုင်ရန် ကျွန်တော်တို့အတွက် အရေးကြီးတဲ့လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ သို့သော်လည်း ဒီလုပ်ငန်းစဉ်ကြီးကိုလုပ်တဲ့အခါမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်းက ဆောင်ရွက်လို့မရနိုင်ပါဘူး။ နှီးနွှယ်တာရှိတဲ့ဝန်ကြီးဌာနများ၊ ပြည်သူ့လွှတ်တော် အပါအဝင် ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများနှင့် ကျန်းမာရေးဘောဂဗေဒပညာရှင်များ၊ ဆရာဝန်များ၊ ဆေးပညာရှင်များနဲ့ ပြည်သူလူထုတစ်ရပ်လုံးက နေပြီးတော့ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာဒီစနစ်ကြီးကို ထူထောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မိမိတို့နိုင်ငံနှင့်လိုအပ်ချက်နှင့်ကိုက်ညီတဲ့ စနစ်တစ်ခုကိုဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ပြီးတော့ အမျိုးသားကျန်းမာရေးအာမခံစနစ်ဖြစ်တည်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို တင်ပြဆွေးနွေးလိုက်ရပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစံရွှေဝင်းတင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအေးဝင်း(အင်္ဂပူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း ဖြစ်ပါတယ်။ ကျွန်တော် အခု ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၀ ပြည့်နှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစီရင်ခံစာမှာ ကျန်းမာရေးအညွှန်းကိန်းများ၊ ကျန်းမာရေးအခြေအနေများအတွက် တုံ့ပြန်မှု၊ ဆောင်ရွက်ပေးမှု၊ ကျန်းမာရေးကုန်ကျစရိတ်အတွက် အကာအကွယ်ပေးမှုလို့ခေါ်တဲ့ အပိုင်းသုံးပိုင်းကို အဓိကထားပြီးတော့ နိုင်ငံတစ်နိုင်ငံရဲ့ ကျန်းမာရေးစနစ်ကို သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ကျန်းမာရေးအတွက် ကုန်ကျစရိတ်အကာအကွယ်ပေးမှု အလွန်အားနည်းချို့တဲ့ခဲ့ပြီး အိတ်စိုက်ကုန်ကျစရိတ် ၈၀ ရာခိုင်နှုန်းကျော်မြင့်မားတဲ့အတွက် အဆိုးဝါးဆုံးကျန်းမာရေးစနစ်တစ်ခုအဖြစ် သတ်မှတ်ခံခဲ့ရတာမို့ နိုင်ငံရဲ့ပုံရိပ်လည်းကျဆင်းခဲ့ရတာဖြစ်ပါတယ်။ နိုင်ငံရဲ့ကျန်းမာရေးရန်ပုံငွေဟာ ဒီကနေ့အဖို့ အမြင့်ဆုံးဖြစ်တဲ့ အစိုးရအသုံးစရိတ်ရဲ့ ငါးရာခိုင်နှုန်းဖြစ်ပြီးတော့ နိုင်ငံတကာမှဝင်ငွေနည်းနိုင်ငံများရဲ့ပျမ်းမျှအသုံးစရိတ် ကိုးရာခိုင်နှုန်းထက်လျော့နည်းနေတာကိုလည်း တွေ့ရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျန်းမာရေးအသုံးစရိတ်အတွက် အဆိုပြုချက်ကတော့ နိုင်ငံအသုံးစရိတ်ရဲ့ ၁၅ ရာခိုင်နှုန်းဖြစ်သင့်တယ်လို့ ဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဘဏ္ဍာငွေမှ အပြည့်အဝထောက်ခံဖို့ အခက်အခဲများစွာရှိတဲ့အတွက် ကျန်းမာရေးအာမခံစနစ်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါမှ ကျန်းမာရေးအတွက် အိတ်စိုက်ကုန်ကျစရိတ် အလွန်အကျွံကုန်ကျခံရမှုလျော့နည်းပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊ ကျန်းမာရေးအာမခံစနစ်တစ်ခုကို အောင်မြင်အောင်အကောင်အထည်ဖော်နိုင်မှုဟာ နိုင်ငံတကာအတွေ့အကြုံများအရ ဆယ်စုနှစ်တစ်ခု၊ နှစ်ခုထက်ကြာမြင့်မှာဖြစ်တဲ့အတွက် အခုချိန်ကစတင်ရင်တောင်မှပဲ ဆယ်စုနှစ် တစ်ခု၊ နှစ်ခုကြာမှ အသီးအပွင့်များကို အပြည့်အဝခံစားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူများအတွက်

ရေရှည်အကျိုးဖြစ်ထွန်းမယ့် ကျန်းမာရေးအာမခံစနစ်အကောင်အထည်ဖော်နိုင်ဖို့အတွက် ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးရပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာစံရွှေဝင်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာစံရွှေဝင်း ရေကြည်မဲဆန္ဒနယ်ကတင်သွင်းသော လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များ(Universal Health Coverage) ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဆင်းရဲနွမ်းပါးသူများအပါအဝင် နိုင်ငံသားတိုင်းထိရောက်သည့် ကျန်းမာရေး ဝန်ဆောင်မှုများ အချိန်မီရရှိစေရေး၊ ယင်းကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ရန်ပုံငွေများ လုံလောက်စွာရရှိနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံပူးပေါင်းပါဝင်ဆောင်ရွက်သည့် အမျိုးသားကျန်းမာရေးအာမခံစနစ်(National Health Insurance System)တည်ထောင်ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာစံရွှေဝင်း၊ ရေကြည်မဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၆-၆-၂၀၁၇ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**မူကြမ်း**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသော တူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသော တူးမြောင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ (၂၂-၅-၂၀၁၇ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၄-၅-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ်သုံးဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးကို တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသောအပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီးဖြစ်၍ လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူပြီး ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်(၈၅)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ယနေ့ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့

လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ အပိုဒ်(၁) ပြည်ထောင်စုအစိုးရကပေးပို့လာသော တူးမြောင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ (၂) ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်တဲ့ ၂၂-၅-၂၀၁၇ ရက်(တနင်္လာနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၂၄-၅-၂၀၁၇ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ရာ ဦးဇော်မင်းလွင်(မတ္တရာမဲဆန္ဒနယ်)၊ ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)၊ ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်) စသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ (၃) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၃၁-၅-၂၀၁၇ ရက်နေ့နှင့် ၁-၆-၂၀၁၇ ရက်နေ့တို့တွင် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ (၄) ယင်းညှိနှိုင်းအစည်းအဝေးများ၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၈၅)ချက်မှာ အောက်ပါအတိုင်းဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၈၅)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တင်သွင်းခဲ့တဲ့ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ တင်သွင်းတဲ့ပြင်ဆင်ချက်အဆိုအား သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၈၅)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၈၅)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသော တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် တူးမြောင်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသော တူးမြောင်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ

ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၇။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၃၇ နာရီအချိန်တွင် ရပ်နားပါသည်။

**မှူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့ (၅.၆.၂၀၁၇)
## ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီး



ဦးဘရှိန်
(ကျောက်ဖြူ မဲဆန္ဒနယ်)



ဦးဇုန်းတိန့်
(ချီဖွေ မဲဆန္ဒနယ်)



ဦးထွန်းထွန်းဝင်း
ရမည်းသင်း မဲဆန္ဒနယ်)



ဒေါက်တာစိုးမိုးသူ
(မြောင်းမြ မဲဆန္ဒနယ်)



ဦးဌေးမင်းသိန်း
(ကြို့ပင်ကောက် မဲဆန္ဒနယ်)



ဦးခင်မောင်သီ
(လှိုင်လင် မဲဆန္ဒနယ်)



ဦးမြင့်ကြည်
(ကသာ မဲဆန္ဒနယ်)



ဦးစိုင်းဆိုင်မိုင်း
(မိုင်းကိုင် မဲဆန္ဒနယ်)



ဒေါက်တာမြင့်ထွေး (ဝန်ကြီး)
ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်